မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914
၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၃ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၅၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘူလ်ဂေးရီးယားအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၃

၂၀၀၇ခုနှစ် မတ် ၃ရက်တွင် ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သမ္မတဂျော်ဂျီ ပါဗာနော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာကျင်းပ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် လှူဖွယ်ပစ္စည်းများလောင်းလှူ

ရန်ကုန် မတ် ၂

“သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စသော ဂုဏ်ပြုပူဇော်ထိုက်သည့် ဂုဏ်အင်္ဂါအထူးတို့ဖြင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့အား ချီးမြှောက်ကော်ရော် ပူဇော်သိမှတ် ဂုဏ်ပြုအပ်၏” ဟူသော ဒေသနာတော်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဗုဒ္ဓမြတ်စွာနှင့် ရှေးသာသနာပြုမင်းတို့၏ ထုံးနည်းစနစ်ကို လိုက်နာကျင့်သုံးလျက် ဗုဒ္ဓမြတ်စွာသာသနာတော်၌ ပရိယတ္တိတာဝန်(ဂန္ထဓုရ)နှင့် ပဋိပတ္တိတာဝန်(ဝိပဿနာဓုရ)များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်းပြည်ပမှ ဆရာတော် သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာ လှူဒါန်းထောက်ပံ့ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသိကာမတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်ဆက်ကပ်လျက်ရှိသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်းခဲ့

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝရောက်ချိန်၌ နယ်ချဲ့ကိုလိုနီတို့၏ ဖိနှိပ်မှုဒဏ်ကြောင့် မြတ်ဗုဒ္ဓ၏ သာသနာရောင်ရှိန် မှေးမှိန်ခဲ့ရသော်လည်း လွတ်လပ်ရေးရရှိပြီးသည့် နောက်ပိုင်းကာလများတွင်မူ အုပ်ချုပ်သူအစိုးရတို့သည် ပြည်တွင်းရှိ သာသနာ့ဦးသျှောင် ဆရာတော်ကြီးများကိုသာမက ပြည်ပရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဆရာတော်များကိုပါ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များကို စဉ်ဆက်မပြတ် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထုတ်ပြန်ကြေညာ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက် ၁၉၉၁ခုနှစ် အောက်တိုဘာ ၂၄ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၄၂/၉၁)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်အမျိုးအစား ၂၀တို့ကို အသစ်တီထွင်ပြဋ္ဌာန်းခဲ့ပြီးနောက် စဉ်ဆက်မပြတ် ယခင်ဆက်ကပ်လှူဒါန်းမြဲ ဘွဲ့တံဆိပ်တော်များနှင့် အသစ်တီထွင်ပြဋ္ဌာန်းသော ဘွဲ့တံဆိပ်တော်များကို ပြည်တွင်းနှင့် ပြည်ပမှ သာသနာတော်ဆိုင်ရာ ထူးခြားသော ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံသည့် ရဟန်းတော်များ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား နှစ်စဉ်ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့ရာ ယခုနှစ် (၁၃၆၈ ခုနှစ် ပြာသိုလပြည့်ကျော် ၂ရက်) ၂၀၀၇ခုနှစ် ဇန်နဝါရီ ၄ရက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၇)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်ခြင်းခံရသူများ၏ ဘွဲ့တံဆိပ်အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

ကျော်ဖုံးသို့ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ အာဘော်
(၂၀၀၇ ခုနှစ်၊ မတ်လ ၃ ရက်)

မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်ရေး တောင်သူလယ်သမားကြီးများ ပူးပေါင်းဆောင်ရွက်

၂၀၀၇ခုနှစ် မတ်လ ၂ရက်နေ့သည် တောင်သူလယ်သမားနေ့ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးသည် နိုင်ငံတစ်ဝန်း ကြီးမားသော ကုန်ထုတ်လုပ်ငန်းကြီးဖြစ်သည့်အပြင် တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝသာမက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်ပါ ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး၊ အထွက်နှုန်းတိုးတက်ရေး၊ သီးထပ်စိုက်ပျိုးနိုင်ရေးအပြင် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ဖြည့်ဆည်းပေးလျက်ရှိသည်။

စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံလုပ်ငန်းများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင် စီမံကိန်းများ၊ မြေအောက်ရေ ရရှိရေးလုပ်ငန်းများကို နိုင်ငံတော်က ဖြန့်ကြက်တည်ဆောက် ပေးလျက် ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်း ဘဏ္ဍာငွေအမြောက်အမြား ကျခံသုံးစွဲပြီး ဆည်တမံပေါင်း ၁၉၆ခုကို တည်ဆောက်ပေးခဲ့၍ လယ်ယာမြေဧက ၂ဒသမ၆သန်းကျော်ကို အကျိုးပြုနိုင်သကဲ့သို့ မြစ်ရေတင်စီမံကိန်း ၃၀၅ခုကို ဖြည့်စွက်ဆောင်ရွက်နိုင်ခဲ့သဖြင့် လယ်ယာမြေဧက လေးသိန်းခြောက်သောင်းကျော်ကို တိုးမြှင့်အကျိုးပြုနိုင်ခဲ့သည်။ ထို့အပြင် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရောက်ရှိနိုင်ရေးအတွက် လယ်ယာသုံး စက်ကိရိယာများ ပိုမိုသုံးစွဲရေး၊ စက်သုံးဆီနှင့်ဓာတ်မြေဩဇာ သုံးစွဲနိုင်ရေးတို့ကိုလည်း အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်ချဲ့အစိုးရကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည့် တောင်သူ လယ်သမားအရေးတော်ပုံကြီးသည် မေ့ပျောက်၍မရသော သမိုင်းမှတ်တိုင်တစ်ခု ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်၏ အနာဂတ် အလားအလာကောင်းများ ဖြစ်ထွန်းနေချိန်ဖြစ်ရာ ကိုလိုနီနယ်ချဲ့ လက်သစ်နိုင်ငံကြီးတချို့က ပြည်တွင်းမှ အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးများကို အသုံးချပြီး လက်ဝါးကြီးအုပ် ခြယ်လှယ်ရန် နည်းမျိုးစုံဖြင့် လုပ်ဆောင်လာမှုကို တောင်သူလယ်သမားထုကြီးက သမိုင်းအစဉ်အလာနှင့်အညီ စုစည်းညီညွတ်မှုစွမ်းအားဖြင့် တွန်းလှန်ဖယ်ရှားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုလျက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင် ပြီးမြောက်စေရေးအတွက် တောင်သူလယ်သမားကြီးများအားလုံးက တိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အီရန်အပေါ် အမေရိကန်တို့ အင်အားအသုံးပြုမည့်အစီအစဉ် မိမိတို့မျက်နှာလွှဲမည်မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ပြောကြား

မော်စကို မတ် ၂

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်က အီရန်နိုင်ငံအပေါ် အင်အားအသုံးပြုဖွယ်ရာများအား ရုရှားနိုင်ငံက ကာကွယ်ပေးသွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗ်ရော့ဗ်က ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

အမေရိကန်တို့နှင့် အဆင့်မြင့် ဆက်ဆံရေးထားရှိသော်လည်း အီရန်နိုင်ငံအပေါ် အင်အားအသုံးပြုမှုကို မိမိတို့လက်ပိုက်ကြည့်နေမည် မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗ်ရော့ဗ်က ဆက်လက်ပြောကြားသည်။

ကာကွယ်တားဆီး

မိမိတို့အနေဖြင့် အီရန်အပေါ် အင်အားသုံး အရေးယူမှုကို မျက်နှာလွှဲ၍ နေမည်မဟုတ်ကြောင်း၊ ထိုသို့မဖြစ်ပေါ်အောင်လည်း ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အီရန်နိုင်ငံအပေါ် ထားရှိသည့် မူဝါဒကို ပြောင်းလဲရန်လည်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက တိုက်တွန်းထားသည်။

အီရန်နိုင်ငံသည် ပြည်သူများအား အကာအကွယ်ယူပြီး နျူကလီးယား လက်နက်များ ထုတ်လုပ်ရန် ကြိုးစားနေသည်ဟု အနောက်အုပ်စုနိုင်ငံက စွပ်စွဲထားသည်။ အီရန်နိုင်ငံကလည်း နျူကလီးယား အစီအစဉ်သည် ငြိမ်းချမ်းရေးအတွက် အသုံးပြုရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အင်တာနက် – ကျန်းမာရေး



မှတ်ဉာဏ်ကောင်းမွန်ရန် ဆေးဝါးမလိုအပ်

လန်ဒန် မတ် ၂

ဦးနှောက် ဖွံ့ဖြိုးတိုးတက်ရန်နှင့် မှတ်ဉာဏ်ပိုမိုကောင်းမွန်ရန် ဆေးဝါးအကူအညီ မလိုအပ်ကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

အကြံပြု

ဦးနှောက်မှတ်ဉာဏ် ဖွံ့ဖြိုးရန်အတွက် ငယ်စဉ်ကပင် အချိန်မှန်အိပ်ခြင်း၊ အနားယူခြင်းတို့အပြင် မှတ်ဉာဏ်ကို ကောင်းမွန်စေသည့် ပညာပေးဆိုင်ရာ အစီအစဉ်များ၌ ပါဝင်ဆောင်ရွက်ခြင်းတို့ ပြုလုပ်သင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

ထို့အပြင် ငယ်ရွယ်စဉ်က ဦးနှောက်ပင်ပန်းမှုဖြစ်စေမည့် အတင်းအကျပ် ဖိအားပေး စာပေသင်ကြားမှုများကို ရှောင်ရှားသင့်ပြီး အသက်အရွယ်ရလာသည့်အခါတွင်လည်း ဦးနှောက်အာရုံကြောများ ကောင်းမွန်စေသည့် ဆေးဝါးများ မသုံးစွဲသင့်ကြောင်းလည်း ၎င်းတို့က သတိပေးထားသည်။

ပြောကြား

ဦးနှောက်အာရုံကြောများနှင့် ပတ်သက်၍ဖြစ်သော ရောဂါများအတွက် ဆေးဝါးသောက်သုံးရန် လိုအပ်သော်လည်း ဉာဏ်ရည်ဖွံ့ဖြိုးမှုအတွက် ဆေးဝါးမလိုအပ်ကြောင်း ၎င်းတို့ကဆိုသည်။ လူတို့၏ အနေအထိုင် အပြုအမူပေါ်၌သာ မှတ်ဉာဏ်ဖွံ့ဖြိုးမှုကို အကျိုးပြုစေကြောင်း **(အပေါ်ပုံ)** တွေ့ရှိရသည်ဟု ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

မြဝတီ ရုပ်မြင်သံကြား

၃-၃-၂၀၀၇

(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၂၅ ၅။ ကျန်းမာသုတ
၁၂း၃၀ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **အန်တီ၊ ဒေါ်ဒေါ်၊ ကြီးကြီးနှင့် စန္ဒီ၊ မော်မော်၊ မီးမီး** လူမင်း၊ နန္ဒာလှိုင်
၁၃း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၄း၃၅ ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅း၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၇။ နိုင်ငံတကာသတင်း
၆း၂၀ ၈။ မိုးလေဝသသတင်း
၆း၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၀။ လျှပ်တစ်ပြက်
၆း၄၀ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း–၂၆)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၆။ English Premier League ဘောလုံးပွဲ Arsenal Vs Reading

ရန်ကုန်တိုင်း လသာမြို့နယ် ၂၃ လမ်း အမှတ် ၁၁၂နေ ဦးကျော်ဝင်း၊ ဒေါ်လှဲ့လှဲ့ဝင်းမိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ယခုအချိန်အခါတွင် ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားထွန်းလင်းတောက်ပလျက်ရှိ ကုသိုလ်ကောင်းမှုတို့သည် လိုလားနှစ်သက် ချစ်မြတ်နိုးအပ် ကောင်းကျိုးချမ်းသာပေးစွမ်းနိုင် ယင်းကုသိုလ်ကောင်းမှုများကို ကြောက်ရွံ့နောက်တွန့်ခြင်းမရှိဘဲ ရဲရဲဝံ့ဝံ့ ပြုလုပ်အားထုတ်

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ပူဇော်ပွဲ အခမ်းအနားတွင် နိုင်ငံတော် ဩဝါဒါစရိယ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက် သောဘနာဝါသကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသောဘနမဟာထေရ် ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူအပ်သော သမ္မောဒနီယ ဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ယနေ့ ၁၃၆၈ ခုနှစ် တပေါင်းလပြည့် သောကြာနေ့၌ နိုင်ငံတော်အစိုးရက ကျင်းပပြုလုပ်အပ်သော ဤပူဇော်ပွဲကြီးသည် မင်္ဂလာတရားတော်နှင့်အညီ ပူဇော်အပ်သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသော ဂုဏပူဇာ မင်္ဂလာသဘင် ဆင်ယင်ကျင်းပပြုလုပ်အပ်သော ပူဇော်ပွဲကြီးဖြစ်ပေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပူဇာစ ပူဇနေယျာနံ ဒေသနာတော်နှင့်အညီ ပူဇော်အပ် ပူဇော်သင့်၊ ပူဇော်ထိုက်၊ ချီးကျူးအပ်၊ ချီးကျူးသင့်၊ ချီးကျူးထိုက်၊ ဂုဏ်ပြုအပ်၊ ဂုဏ်ပြုသင့်၊ ဂုဏ်ပြုထိုက်သော ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့အား ရှေးရှေးသော သာသနာပြုမင်းကောင်း၊ မင်းမြတ်တို့၏ အစဉ်အလာကို လိုက်နာကျင့်သုံးလျက် အပရိဟာနိယ တရားတော်နှင့်အညီ ရှေးအစဉ်အလာမပျက်ရေးကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းပူဇော်ခြင်းဖြစ်ပေသည်။ သို့ဖြစ်ခြင်းကြောင့် ဤပူဇော်ပွဲကြီးသည် တရားတော်ကို အလေးအမြတ်ပြုပြီး ပြုလုပ်ပူဇော်အပ်သော ဂုဏပူဇာ မင်္ဂလာပွဲကြီးဖြစ်ပါပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းသူပြည်သား ဥပါသကာ၊ ဥပါသိကာမများနှင့် လက်တွဲ၍ ပဂ္ဂဏှေပဂ္ဂဟာရဟံ ချီးမြှောက်ထိုက်သူကို ချီးမြှောက်ရမည်ဟူသော ဒေသနာတော်နှင့် လျော်ညီစွာ ချီးမြှောက်ထောက်ပံ့ထိုက်သော ဘွဲ့တံဆိပ်တော်ရ ဆရာတော် သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များတို့အား ပစ္စည်းလေးဖြာ အာမိသပူဇာဖြင့် ချီးမြှောက်ထောက်ပံ့လှူဒါန်းကြသော ကောင်းမှုရှင်များ ဖြစ်ကြပေသည်။ ယင်းကောင်းမှုရှင်များနှင့် ပတ်သက်၍ သဗ္ဗညုု မြတ်စွာဘုရားသည် ခုဒ္ဒကနိကာယ် ဣတိဝုတ်ပါဠိတော် မေတ္တာသုတ်၌ ဖော်ပြလတ္တံ့ပါအတိုင်း ဟောကြားထားတော်မူခဲ့ပါသည်–

မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ၊ သုခဿေတံ ဘိက္ခဝေ အဓိဝစနံ။
ဣဋ္ဌဿ ကန္တဿ၊ ပိယဿ မနာပဿ၊ ယဒိဒံ ပုညာနိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုညာနံ၊ ကောင်းမှုတို့မှ။ မာဘာယိတ္ထ၊ အားထုတ်နိုင်ရေး ကြံတွေးနောက်တွန့် မကြောက်ရွံ့ကြပါကုန်လင့်။ ဘိက္ခဝေ၊ ရဟန်းတို့။ ယဒိဒံ–ပုညာနီတိဝစနံ၊ ကောင်းမှုဟူသော အကြင်စကားသည်။ အတ္ထိ၊ ရှိပေ၏။ ဧတံ၊ ကောင်းမှုဟူသော ဤစကားသည်။ ဣဋ္ဌဿ၊ အလိုရှိအပ်သော။ ကန္တဿ၊ နှစ်သက်အပ်သော။ ပိယဿ၊ ချစ်မြတ်နိုးအပ်သော။ မနာပဿ၊ စိတ်နှလုံးပွားစေတတ်သော။ သုခဿ၊ ကောင်းကျိုးချမ်းသာ၏။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဤသို့ဟောကြားတော်မူအပ်သော ဒေသနာတော်အရ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဒါန၊ ကိုယ်နှုတ်စောင့်ထိန်းခြင်း သီလ၊ ကမ္မဋ္ဌာန်း တရားစီးဖြန်းပွားများခြင်း ဘာဝနာဟူသော ကုသိုလ်ကောင်းမှုတို့သည် လိုလားနှစ်သက် ချစ်မြတ်နိုးအပ်၊ စိတ်နှလုံးကို ပွားစေတတ်သော ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သောကြောင့် ယင်းကုသိုလ်ကောင်းမှုများကို ကြောက်ရွံ့နောက်တွန့်ခြင်းမရှိဘဲ ရဲရဲဝံ့ဝံ့ ပြုလုပ်အားထုတ်ကြပါဟု–သဗ္ဗညုုမြတ်စွာဘုရား ကိုယ်တော်တိုင် တိုက်တွန်းဟောကြားတော်မူခဲ့ပါသည်။

ထိုကောင်းမှုရှင်များအား အကျိုးများစေရန်အတွက် အလှူခံဘွဲ့တံဆိပ်တော်ရ ဆရာတော် သံဃာတော်များကလည်း ကတညုတ ကတဝေဒီ၊ ဒေသနာတော်အရ ကျေးဇူးပြန်ဆပ်ရန် ဗုဒ္ဓဝံသ အဋ္ဌကထာ၌ ဤသို့လာရှိပါသည်–

ဂိဟီန မူပကာရေတ္တာနံ၊ နိစ္စံ အာမိသဒါနတော၊
ကရောထ ဓမ္မဒါနေန၊ တေသံ ပစ္စုပကာရကံ။

နိစ္စံ၊ အမြဲမပြတ်။ အာမိသဒါနတော၊ ပစ္စည်းလေးဖြာ အာမိသပူဇာအလှူဖြင့်။ ဥပကာရေတ္တာနံ၊ လှူဒါန်းသမှု ကျေးဇူးပြုကြကုန်သော။ တေသံဂိဟီနံ၊ ထိုလူပုဂ္ဂိုလ်တို့အား။ ဓမ္မဒါနေန၊ တရားအလှူတော်ဖြင့်။ ပစ္စုပကာရကံ၊ ကျေးဇူးတုံ့ပြန်မှုကို။ ကရောထ၊ အလှူခံပုဂ္ဂိုလ်တို့က ပြုကြကုန်လော့။ ဤဒေသနာတော်အရ ပစ္စည်းလေးဖြာ အာမိသပူဇာဖြင့် လှူဒါန်းသမှု ကျေးဇူးပြုကြကုန်သော လူပုဂ္ဂိုလ်တို့အား တရားတော်အလှူဒါန ပေးဝေခြင်းဖြင့် ကျေးဇူးတုံ့ပြန်ရမည်ဟု ဤသို့မိန့်ကြားတော်မူသော ဘုရားရှင်၏ အမိန့်တော်နှင့်အညီ ဘွဲ့တံဆိပ်တော်ရ ဆရာတော်၊ သံဃာတော်များကလည်း နိုင်ငံတော်အစိုးရနှင့်တကွ တိုင်းသူပြည်သား ကောင်းမှုရှင်ပုဂ္ဂိုလ်အပေါင်းတို့အား တရားဓမ္မဩဝါဒအလှူဖြင့် ကျေးဇူးတုံ့ပြန် ကျေးဇူးပြန်ဆပ်ရမည်သာ ဖြစ်ပေတော့သည်။

ယခုအချိန်အခါသည် ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားထွန်းလင်းတောက်ပလျက်ရှိသော အချိန်ကောင်း အခါကောင်း အခွင့်ကောင်းဖြစ်၍ လူ၊ နတ်၊ ဗြဟ္မာဟူသော လောကီကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တို့ထက်သာလွန်သော မွန်မြတ်သော မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော လောကုတ္တရာ ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သော ဝိပဿနာ ဘာဝနာကုသိုလ်တို့ကိုလည်း အားထုတ်ခွင့်ရရှိနိုင်ကြပေသည်။ သို့ဖြစ်ခြင်းကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ မှီတင်းနေထိုင်ကြကုန်သော နိုင်ငံတော်အစိုးရနှင့်တကွ တိုင်းသူပြည်သား သူတော်ကောင်းများတို့သည် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတည်းဟူသော လောကီကောင်းကျိုးချမ်းသာ၊ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာမုန်၊ မြတ်နိဗ္ဗာန်တည်းဟူသော လောကုတ္တရာကောင်းကျိုးချမ်းသာ ဤကောင်းကျိုးချမ်းသာနှစ်မျိုးလုံးကို ပေးစွမ်းနိုင်သော ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်တရားများကို မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲရဲဝံ့ဝံ့ ပြုလုပ်အားထုတ်နိုင်ကြပါစေဟု အာသီသပတ္ထနာပြုလျက် ဘုန်းကြီး၏ သမ္မောဒနီယ ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် နိုင်ငံတော်အစိုးရနှင့်တကွ တိုင်းသူပြည်သား ကောင်းမှုရှင်သူတော်ကောင်းအပေါင်းတို့–

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဘူလ်ဂေးရီးယားအမျိုးသားနေ့ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၃

၂၀၀၇ ခုနှစ် မတ် ၃ ရက်တွင် ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆာဂီစတန်နီရှက်ပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ဘူလ်ဂေးရီးယားအမျိုးသားနေ့ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၃

၂၀၀၇ ခုနှစ် မတ် ၃ ရက်တွင် ကျရောက်သော ဘူလ်ဂေးရီးယား သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ဘူလ်ဂေးရီးယား သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာအီဗိုင်လို၊ ကာလ်ဖင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃–၃–၂၀၀၇ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	တရားရှိမရှိ သိပါတယ်တရားတော် (ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်)
၈း၁၀	ရုပ်ရှင်နှင့် ပြဇာတ်ပညာဘွဲ့ကြို သင်တန်း အခမ်းအနားမှ ပွဲတင်သံများ
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	ပျော်ရွှင်ကစား မြွေလှေကား
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	တန်ဖိုးမြင့်ထုတ်ကုန် သားရေစက်ရုံ
၉း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ကျောက်ဆစ်ထွင်းထုပုံဖော်ပြု အနုမြတ်ပညာ
၁၀း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၅၅	သီးနှံစိုက်ပျိုး အထွက်တိုး "ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာသုံးစွဲနည်း"
၁၁း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	မိုးလေဝသခန့်မှန်းချက်
၁၁း၂၅	ကလေးတို့အတွက် လက်ဆောင် (လိပ်ရုပ်နှင့် လည်စည်း)
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	အရည်အချင်းနှင့် စွမ်းရည်ကောင်း မြန်မာနိုင်ငံ သစ်တောကျောင်း
၁၂း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅	လန်းဆန်းသွက်လက်စေဖို့အတွက် ပန်းမွှေးဆီသုံးရေချိုးစက်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၀၀	ပွဲကြိုသုံးသပ်ချက်(၁)	5-Sports
၆း၃၀	ပွဲကြိုသုံးသပ်ချက်(၂)	5-Sports (Live)
၇း၁၀	Liverpool-Man:Utd	5-Sports (Live)
၉း၂၅	Arsenal-Reading	5-Sports (Live)
	Newcastle- Middlesbrough	5-Series (Live)
	Man : City- Wigan	5-Cartoon (Live)
၁၁း၄၀	Portsmouth - Chelsea	5-Series (Live)
၁၂း၀၀	Fulham-Aston Villa	5-Sports (SDD)

တရားသူကြီးချုပ် ဦးအောင်တိုး တရားစီရင်ရေးဆိုင်ရာကိစ္စများ တိုင်း၊ ခရိုင် တရားသူကြီးများအား တွေ့ဆုံမှာကြား

ရန်ကုန် မတ် ၂

တရားသူကြီးချုပ် ဦးအောင်တိုးက တရားစီရင်ရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်း)တို့အတွင်းရှိ တိုင်း တရားသူကြီးများ၊ တွဲဖက်တိုင်းတရားသူကြီးများ၊ ခရိုင်တရားသူကြီးများနှင့် ဒုတိယခရိုင်တရားသူကြီးများအား တွေ့ဆုံမှာကြားသည့် အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် တရားရုံးချုပ်(ရန်ကုန်) အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

တက်ရောက်

ယင်းတွေ့ဆုံမှာကြားသည့် အခမ်းအနားသို့ တရားရုံးချုပ် (ရန်ကုန်)မှ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်၊ ဒေါက်တာ တင်အောင်အေး၊ ဦးမြင့်သိန်း၊ ဦးချစ်လွင်၊ ဦးတင်အေးနှင့် ဦးဟန်ရှိန်၊ တရားရုံးချုပ်ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းတရားသူကြီး ဦးအောင်ငွေ၊ ပဲခူးတိုင်း တရားသူကြီး ဦးသန်းလွင်၊ ပဲခူးတိုင်း(အနောက်ပိုင်း) တရားသူကြီး ဦးစိန်လင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့်ပဲခူးတိုင်း(အနောက်ပိုင်း)တို့ အတွင်းရှိ တွဲဖက်တိုင်းတရားသူကြီးများ၊ ခရိုင်တရားသူကြီးများနှင့် ဒုတိယခရိုင်တရားသူကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင်တရားသူကြီးချုပ် ဦးအောင်တိုးကအမှာစကားပြောကြားပြီး တွေ့ဆုံ မှာကြားသည့်အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

တရားသူကြီးချုပ် ဦးအောင်တိုး ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ပဲခူးတိုင်း (အနောက်ပိုင်း) အတွင်းရှိ တိုင်းတရားသူကြီးများ၊ တွဲဖက် တိုင်းတရားသူကြီးများ၊ ခရိုင်တရားသူကြီးများနှင့် ဒုတိယ ခရိုင်တရားသူကြီးများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ကျေးလက်ဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်နေ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) မန္တလေးတိုင်းအပိုင်း လမ်းဖောက်လုပ်နေမှုကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မတ် ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ရန်နိုင်ဦးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ လယ်ဝေးမြို့နယ် ဟေမာန်ကျေးရွာအနီးရှိ စစ်တောင်းမြစ်ကူးတံတားသို့ ရောက်ရှိကြပြီး စစ်တောင်းတံတား၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း ရေတာရှည်မြို့နယ်နှင့် မန္တလေးတိုင်း လယ်ဝေးမြို့နယ်စပ်ရှိ မယ်ဟော်ချောင်းသို့ ရောက်ရှိကြပြီး မန္တလေးတိုင်း လယ်ဝေးမြို့နယ်အပိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂)၏ အမာခံ မြေသားလမ်း ဖောက်လုပ်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ တိုင်းညွှန်ကြားရေးမှူးဦးကံလှနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းအပိုင်း လယ်ဝေးမြို့နယ် သစ်ကြိမ်းမှစ၍ သံမရဲကျေးရွာအထိ ခရိုင်ချင်းဆက်လမ်းအမှတ်(၂)ကိုလမ်းအကျယ်ပေ ၃၀ ရှိရန် ချဲ့ထွင်ဖောက်လုပ်ထားရှိမှုနှင့် လမ်းပိုင်းပေါ်ရှိ တံတားများကို မော်တော်ယာဉ်များဖြင့်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာမှ ဘိုမသံတောင်ကျေးရွာအထိ ခရိုင်ချင်းဆက်လမ်းအမှတ်(၂)မြေသားလမ်းကို မူလအကျယ်ပေ ၂၀ မှ ပေ ၃၀ အထိ တိုးချဲ့ ဖောက်လုပ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ် ဘိုမသံတောင်ကျေးရွာသို့ ရောက်ရှိကြပြီး အခြေခံပညာမူလတန်းကျောင်း၌ ရပ်မိရပ်ဖများအားတွေ့ဆုံ၍ ကုန်ထုတ်လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုမေးမြန်းကာ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ် ဘိုမသံတောင်ကျေးရွာမှ ပြဒါးချောင်းကျေးရွာအထိခရိုင်ချင်းဆက်လမ်းအမှတ်(၂)အားပေ ၃၀ အကျယ် အမာခံမြေသားလမ်း ဖောက်လုပ်ထားရှိမှုကို လည်းကောင်း၊ စက်ယန္တရားများဖြင့် မြေသားလမ်းချဲ့ထွင်ဖောက်လုပ်နေမှုကို လည်းကောင်း လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးကြသည်။

ပါဝင်ဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပြဒါးချောင်းကျေးရွာ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိသားစုဝင်ငွေ တိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် အနီးဝန်းကျင်ရှိ ကျေးရွာဒေသများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

ကြိုးပမ်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပြဒါးချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များအား တွေ့ဆုံကာ ကျေးရွာ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေ အနေများကို မေးမြန်းပြီး စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ကြရေး၊ ခရိုင်ချင်းဆက် လမ်းဖောက်လုပ်နေပြီဖြစ်ရာ ကျေးရွာ၏ လူနေမှုအဆင့်အတန်းနှင့် ပညာရေး၊ ကျန်းမာရေးတို့မှာ ယခင်ကထက် တိုးတက်မြင့်မားလာတော့မည် ဖြစ်၍ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြင့် လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည်ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

မှာကြား

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၁)တည်ဆောက်ရေးမှုညွှန်ကြားရေးမှူး ဦးတင့်လွင်(၂)က အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း ဆောင်ရွက်မည့် အဓိကလုပ်ငန်းများ၊ နှစ်အလိုက် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အလေအလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ဂရုတစိုက်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများ သတ်မှတ်ကာလတွင် ပြီးစီးရေးတို့ကို မှာကြားသည်။

အဆိုပါရေလွှဲဥမင်လိုဏ်မှာအချင်း ၃၃ ပေ၊ အလျား ၁၁၁၆ ပေရှိပြီး ယခုအခါ ၁၉၅ပေ ပြီးစီးနေပြီ ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် စီမံကိန်း ဧရိယာအတွင်းရှိ ပေါင်းလောင်း မြစ်ကူးတံတား တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရေအားလျှပ်စစ်စီမံကိန်း

အဆိုပါ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းမှ လက်ရှိပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၏ နှစ်စဉ် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တိုးတက်စေရန်နှင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် တည်ဆောက်နေခြင်းဖြစ်ပြီး ရေလှောင်တမံ အလျားပေ ၁၆၄၀၊ အမြင့်၃၅၂ပေနှင့်ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၁၀၄၂၇၀၀ ဖြစ်သည်။ စီမံကိန်းအတွင်း၌ မဂ္ဂါဝပ် ၇၀စီရှိ ဖရန်စစ်တာဘိုင်စက်နှစ်လုံး တပ်ဆင်၍ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်သွားမည်ဖြစ်သည်။ စီမံကိန်း ပြီးစီးပါက တစ်နှစ်ထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အားမှာ ၄၅၄ သန်း ကီလိုဝပ် နာရီဖြစ်ကြောင်း သိရှိရသည်။

ဒေသဖွံ့ဖြိုးရေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဂမုန်းတောင်ကျေးရွာသို့ ရောက်ရှိကြပြီး ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဖောက်လုပ်ရေးစီမံကိန်းရှင်းလင်းဆောင်တွင် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို က လမ်းအရှည် ကိုးမိုင်တွင် ပေ ၂၀ မြေသားလမ်း ရာနှုန်းပြည့်ပြီးစီး၍ ပေ ၃၀ ချဲ့ထွင်မှုလုပ်ငန်းများ လေးမိုင်သုံးဖာလုံ ဖောက်လုပ်ပြီးစီးနေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တိုးတက်စေရေး အတွက် ခရိုင်ချင်းဆက် လမ်းများကို ဖောက်လုပ်နေခြင်းဖြစ်ရာ လုပ်ငန်းများ တိုးတက်မြန်ဆန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

အဆိုပါခရိုင်ချင်းဆက်လမ်းအမှတ်(၂)မှာ မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်၊ ရမည်းသင်းမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့ကိုဖြတ်သန်း၍ ပဲခူးတိုင်း ရေတာရှည်မြို့နယ်၊ တောင်ငူမြို့နယ်၊ ထန်းတပင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်နှင့် ရွှေကျင်မြို့နယ်တို့ကိုလည်းကောင်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၊ ဘီးလင်းမြို့နယ်၊ သထုံမြို့နယ်နှင့် ပေါင်မြို့နယ် တို့ကိုလည်းကောင်းဖြတ်သန်း၍ မုတ္တမအထိဖောက်လုပ်နေခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဂမုန်းတောင်ကျေးရွာ ပေါင်းလောင်းချောင်းအပိုင်း လမ်းဆုံး ပေါင်းလောင်းချောင်းသို့ ရောက်ရှိကြပြီး တံတားတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြပြီး ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် သတင်းအတိုအထွာ

အီသီယိုးပီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ နိုင်ငံခြားသား ၁၅ဦးပါဝင်သောအုပ်စုတစ်စု ပြန်ပေးဆွဲခံရကြောင်း၊ ယင်းတို့တွင် ပြင်သစ်လူမျိုး ၁၁ဦးပါဝင်ကြောင်း၊ ဗြိတိသျှနှင့် အီတလီလူမျိုး အနည်းဆုံးတစ်ဦးစီပါ ဝင်ကြောင်း ဒေသဆိုင်ရာ သတင်းရပ်ကွက်များက ပြောကြားခဲ့သည်ကို မတ် ၂ ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

ရာသီဥတုပြောင်းလဲလာမှုသည် ကမ္ဘာစစ်ကဲ့သို့ အလွန်အန္တရာယ်ကြီးမားလာနေကြောင်း၊ အထူးသဖြင့် ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များ အများဆုံးထုတ်လုပ်နေသည့် အမေရိကန်နိုင်ငံသည် ကမ္ဘာကြီးပူနွေးလာမှုကို ဦးဆောင်ဖြေရှင်းသင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားလိုက်သည်ကို မတ် ၂ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

၂၀၀၄ခုနှစ်က အိန္ဒိယသမုဒ္ဒရာ ဆူနာမီဒီလှိုင်းတက်လာစဉ် သမီးသုံးဦး ဆုံးရှုံးခဲ့သော အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်မှ အမျိုးသားတစ်ဦးသည် ၎င်း၏ ဇနီးက သမီးသုံးဦး အမြွှာပူး ပြန်လည်မွေးဖွားပေးနိုင်သဖြင့် သမီးသုံးဦး၏ ဖခင် ပြန်လည်ဖြစ်လာကြောင်း မတ် ၂ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ဟောလီးဝုဒ် ရုပ်ရှင်သရုပ်ဆောင် အိန်ဂျယ်လီနာဂျိုလီနှင့် ၎င်း၏ ပေါင်းဖော်ဖက် ဘရက်ပစ်တို့သည် ဗီယက်နမ်နိုင်ငံမှ ကလေးတစ်ဦးကို မွေးစားလိုက်ပြန်ပြီဖြစ်ကြောင်း၊ ယင်းကလေးမှာ ကမ္ဘောဒီးယားနှင့် အီသီယိုးပီးယားနိုင်ငံတို့မှ မွေးစားခဲ့သော ကလေးများနောက်ပိုင်း တတိယမြောက် မွေးစားသည့် ကလေးဖြစ်လာကြောင်း မတ် ၂ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် ကွဲကွာနေသော မိသားစုများ ပြန်လည်ပေါင်းစည်းရေး စတင်ဆောင်ရွက်ရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း၊ ယင်းတို့သည် ယခုလတွင် ဗီဒီယိုမှတစ်ဆင့် တစ်ဦးနှင့် တစ်ဦး တွေ့ခွင့်ရမည်ဖြစ်ကြောင်း၊ မေလတွင် မျက်နှာချင်းဆိုင်ဆုံတွေ့ခွင့် ရရှိကြမည်ဖြစ်ကြောင်း မတ် ၂ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာလီဘန် ကာကွယ်ရေးဝန်ကြီးဟောင်းကို ပါကစ္စတန်နိုင်ငံ ကွက်တာမြို့အနောက်တောင်ပိုင်း၌ ဖမ်းဆီးလိုက်ကြောင်း ပါကစ္စတန် ထောက်လှမ်းရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်ကို မတ် ၂ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

(အင်တာနက်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အမေရိကန်တောင်ပိုင်း၌ လေဆင်နှာမောင်းတိုက်ခတ် အနည်းဆုံးလူ ၁၇ ဦးသေဆုံး၊ ၄၀ ဒဏ်ရာရရှိ

မစ်ဆောရီ မတ် ၂

အမေရိကန်နိုင်ငံတောင်ပိုင်း အယ်လ်ဘားမား၊ ဂျော်ဂျီယာနှင့် မစ်ဆောရီပြည်နယ်များ၌ မတ် ၂ ရက်က လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူ ၁၇ဦး သေဆုံးသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ (အောက်ပုံ)

အဆိုပါ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အယ်လ်ဘားမားရှိ ကျောင်းတစ်ကျောင်းပျက်စီးသွားပြီး လူခုနစ်ဦး သေဆုံးခဲ့ကြောင်း၊ ဂျော်ဂျီယာပြည်နယ်၌ ဆေးရုံတစ်ရုံပျက်စီးသွားပြီး လူကိုးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ထို့အတူ မစ်ဆောရီပြည်နယ်၌လည်း အနည်းဆုံး လူတစ်ဦးသေဆုံးခဲ့ကြောင်း၊ ယင်းမုန်တိုင်းကြောင့် မစ်ဆောရီ-ကန်ဆပ်ပြည်နယ် နယ်စပ်၌ နေအိမ်များ၊ ဓာတ်တိုင်များ၊ တယ်လီဖုန်းလိုင်းများ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

ယင်းမုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၈၀ နှုန်း တိုက်ခတ်ခဲ့ကြောင်း၊ အနည်းဆုံးလူ ၄၀ ဒဏ်ရာရရှိသွားကြောင်း အမေရိကန် မုန်တိုင်းခန့်မှန်းရေးဌာနမှ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

(အင်တာနက်)

“မိုးယံမှကြယ်” ခရီးစဉ်အတွက် အောင်နိုင်ရေးအလံနှင့် အလှူငွေပေးအပ်

နေပြည်တော် မတ် ၂

လူငယ်ရေးရာစဉ်တိုက် လှုပ်ရှားမှုအဖြစ် ကချင်ပြည်နယ် ပူတာအိုခရိုင် ပန်နန်းဒင်မြို့နယ်အတွင်းရှိ မြန်မာနိုင်ငံမြောက်ဘက်အစွန်ဆုံးရှိ ကျေးရွာများဖြစ်သည့် တဟွန်ဒမ်းနှင့် ဂူဘားဒေသများသို့ နယ်မြေဒေသဖွံ့ဖြိုးရေးနှင့် စည်းရုံးရေးခရီးလမ်းရှည်ခရီးစဉ် ဆင်နွှဲကြမည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ပြည်နယ်နှင့်တိုင်း အသီးသီးနှင့် ခြေလျင်နှင့် တောင်တက်အသင်းမှ လူငယ်များ၏ “မိုးယံမှကြယ်”ခရီးစဉ်အတွက် အောင်နိုင်ရေးအလံနှင့် ခရီးစဉ်အောင်နိုင်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက်က မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရုံး၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး လူငယ်ရေးရာတာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ တက်ရောက်၍ အမှာစကားအသီးသီးပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ခရီးစဉ် အုပ်ချုပ်သူ ဦးရာဝမ်ဂျုံးက ခရီးစဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံမြောက်ဘက်စွန်းဒေသများတွင် တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်ကြသော်လည်း လမ်းခရီးခက်ခဲဝေးကွာလွန်းသဖြင့် ၎င်းဒေသသို့ မရောက်နိုင်ခဲ့သည်မှာ ဆယ်စုနှစ်ပေါင်းကြာခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်မှ ပန်နန်းဒင်ဒေသကို အုပ်ချုပ်မှု ယန္တရား ထူထောင်ပေးခဲ့သဖြင့် **“မိုးယံမှကြယ်”** ခရီးစဉ်ကို စီစဉ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မကြာမီမိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များသည် ပူတာအိုမှ အသွားအပြန် မိုင် ၂၇၀ ကျော် ကွာဝေးသည့် မြန်မာနိုင်ငံမြောက်ဖျားစွန်းရှိ ဒေသများသို့ ခရီးရှည် ချီတက်ခြင်းကို စတင်တော့မည်ဖြစ်ကြောင်း၊ ခရီးစဉ်အတွင်း စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်များ ထွန်းကားရေး၊ ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစဉ်များနှင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ခရီးစဉ်အောင်မြင်ရေးနှင့်ဒေသခံပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းအဖွဲ့အသီးသီးက ငွေနှင့်လက်ဆောင်ပစ္စည်းများ တန်ဖိုးငွေကျပ်သိန်း ၄၀၀ ကျော် လှူဒါန်းမှုများ ပြုခဲ့ပါသဖြင့် အားတက်ဝမ်းသာ ကျေးဇူးတင်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး ခရီးစဉ်အခြေအနေကို မြေပုံကားချပ်များဖြင့် ရှင်းလင်း တင်ပြသည်။

အလံပေးအပ်

ဆက်လက်၍ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ခရီးစဉ်အောင်နိုင်ရေးအလံကိုလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး လူငယ်ရေးရာတာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလံကိုလည်းကောင်း ပေးအပ်ကြရာ မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အသင်း အတွင်းရေးမှူး ဒေါက်တာခင်မောင်နှင့် အသင်းဝင်လူငယ်များက လက်ခံယူကြသည်။

အလှူငွေပေးအပ်

အစီအစဉ်အရ အလှူငွေများ ပေးအပ် လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုက ငွေကျပ် သိန်း ၅၀၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ်သိန်း ၅၀၊ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်သိန်း ၃၀၊ ပြည်နယ်၊ တိုင်း ၁၇ခုက လှူဒါန်းငွေကျပ် ၂၅၅၀၀၀၀ တို့ကို ပေးအပ် လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က လက်ခံသည်။

ဆက်လက်၍ လုပ်ငန်းရှင်ကိုးဦးက ငွေကျပ်သိန်း ၂၆၀၊ မန္တလေးတိုင်း ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းငါးသင်းက ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က လက်ခံသည်။ အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ်သိန်း၄၂၀ ငါးသောင်းဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများ လိုက်ပါ၍ ဖေဖော်ဝါရီ ၂၈ရက် နံနက်ပိုင်းက မန္တလေးမြို့ တံတားဦးအော်တိုအိတ်ချိန်း တည်ဆောက်နေမှုကို လည်းကောင်း၊ ပလိပ်အော်တို အိတ်ချိန်း တည်ဆောက်ရေး လုပ်ငန်းခွင်သို့ လည်းကောင်း ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက တာဝန်ရှိသူများအား မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း မိုဘိုင်းလ်ဆက်သွယ်ရေးစနစ်များ၊ မြို့နယ်အလိုက် အော်တိုတယ်လီဖုန်း တပ်ဆင်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလံပေးအပ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အသင်း အတွင်းရေးမှူး ဒေါက်တာခင်မောင်ထံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအလံ ပေးအပ်စဉ်။

(ဆက်သွယ်ရေး)

အိန္ဒိယနိုင်ငံမဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့နေ အလှူရှင် ဦးဇော်ဝင်း-ဒေါ်စန်းမြင့်မြင့်နှင့် ညီအစ်ကိုမောင်နှမများက ဖခင်ကြီး ဦးလှမောင်၊ မိခင်ကြီးဒေါ်အမာတို့အား ရည်စူး၍ အလှူငွေကျပ်တစ်သိန်းခွဲ ပေးအပ်လှူဒါန်းရာ မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယကသြဝါဒါစရိယ ဗုဒ္ဓဂယာ ဆရာတော်ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံပရဒေသီ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးရှိ ကူဘိုတာမီးစက်ကြီးတစ်လုံး ရောင်းချမည်

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် လက်ရှိအသုံးပြုနေသော မြင်းကောင်ရေ(၈/၁၀)ကောင်အားရှိ ကူဘိုတာ (ကစလ) အမျိုးအစားမီးစက်ကြီးကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ရာ တင်ဒါပုံစံများကို မတ်၄ရက်မှစ၍ အဆိုပါစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဖုန်း-၀၁-၂၉၀၄၂၅သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ် (၂၇)ဖွင့်ပွဲတက်ရောက်

ရန်ကုန် မတ် ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ညနေ ၃ နာရီတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ကျင်းပသည့် အခြေခံစည်းရုံးရေး သင်တန်း အမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းအတွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မှ အလှူရှင် ၁၇ဦးက ငွေကျပ်၄၄၀၀၀၀ကိုပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ အားကစားဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၈၀ တက်ရောက်ကြပြီး သင်တန်းကို မတ် ၁၆ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၁၉၇၈ခုနှစ် ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ

ရန်ကုန် မတ် ၂

၁၉၇၈ ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် နောက်ဆုံးနှစ် ဘူမိဗေဒ ကျောင်းသားဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို မတ် ၂၄ ရက် ညနေ၆နာရီတွင် M-3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသားဟောင်းများအား တက်ရောက်ကြပါရန်နှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သော ကျောင်းသားဟောင်းများ၏ သားသမီးများကို ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်ရာ မြထူး၊ ကျော်ထူး ဖုန်း-၅၅၈၄၆၁၊ တင်ဦး ဖုန်း-၅၂၆၂၃၁၊ အေးကိုကို၊ နေဝင်း ဖုန်း-၅၄၈၄၁၄၊ အောင်မြ ဖုန်း-၀၉-၅၁၀၆၆၃၁၊ အောင်ကြိုင် ၀၉-၅၀၀၂၉၇၄၊ဇေမျိုးလှိုင် ဖုန်း-၀၉-၈၀၃၂၄၅၈၊ ဟန်ငြိမ်း ဖုန်း-၂၀၂၈၀၂၊ အောင်မြင့်ကျော် ဖုန်း-၃၇၄၆၄၂၊ အောင်ကျော်ထွန်း ဖုန်း-၅၅၈၃၀၇၊ သောင်းလွင် ဖုန်း-၀၅၂-၂၁၀၄၆နှင့် မြင့်ဖုန်း ဖုန်း-၂၂၂၆၁၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဂျပန်နိုင်ငံမှ လှူဒါန်းသော စက်ရေတွင်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂

မကွေးတိုင်း သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် လေ့ဝန်းကျေးရွာ၌ ဂျပန်နိုင်ငံမှ မစ္စတာတာနာကာဦးဆောင်သော အလှူရှင်အဖွဲ့ကလှူဒါန်းသည့် စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက် ညနေ၄နာရီတွင် အဆိုပါကျေးရွာ ယာယီမဏ္ဍပ်၌ကျင်းပရာ လောကတ္ထစရိယဖောင်ဒေးရှင်း နာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လက အဖွင့်သြဝါဒကထာချီးမြှင့်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဆင့်က အမှာစကားပြောကြားသည်။ အလှူရှင်မစ္စတာတာနာကာက ရေလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြား၍ ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ဆဏ်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ စက်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စက်ရေတွင်း၊ ရေစုပ်စက်၊ စက်အိမ်၊ ရေစင်၊ အုတ်ရေကန်နှင့် မူလတန်းလွန်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း အပါအဝင် ကျပ်သိန်း၆၀ခန့်ကုန်ကျပြီး တစ်နာရီရေဂါလန်၁၅၀၀နှုန်း ထွက်ရှိသဖြင့် အိမ်ခြေ ၃၈၉ အိမ်ရှိ ကျေးရွာအတွက် သောက်သုံးရေဖူလုံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိပ်မက်ကမ္ဘာ ဗွီစီဒီအယ်လ်ဘမ်အတွက် အဆိုရှင်ရွေးချယ်

ရန်ကုန် မတ် ၂

စင်ရော်ရုပ်ရှင်၊ ဗီဒီယိုနှင့် ကြော်ငြာလုပ်ငန်းမှ ဒါရိုက်တာစင်ရော်မောင်မောင် တာဝန်ယူဆောင်ရွက်သည့် Myanmar Mamee Double Decker Co.,Ltd. ၏ အိပ်မက်ကမ္ဘာ VCD Album အတွက် နောက်ဆုံးအဆင့် Mamee Ambassador ရွေးချယ်ယှဉ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ရက် ညပိုင်းတွင် ရန်ကုန်မြို့ရှိ Dusit Inya Lake Hotel ၌ ကျင်းပရာ Myanmar Mamee Double Decker Co.,Ltd.မန်နေဂျင်းဒါရိုက်တာ Mr. Pang အထွေထွေမန်နေဂျာ Mr. David နှင့် ကုမ္ပဏီမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဧည့်သည်များနှင့် ဖေဖော်ဝါရီ ၁၁ရက်တွင် M3 Food Centre ၌ ဒုတိယအဆင့် ရွေးချယ်ပြီးသော အဆိုဝါသနာရှင် ၂၁ဦးတို့ တက်ရောက်ကြသည်။

စိစစ်ရွေးချယ်

ယင်းပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ်ဦးမြင့်မိုးအောင်၊ ဦးစောခူဆဲ၊ ဦးအောင်နိုင်စန်း၊ ဦးစတုန်း၊ ဦးစင်ရော်မောင်မောင်နှင့် အထွေထွေမန်နေဂျာ Mr. David တို့က ဆောင်ရွက်ကြသည်။

အိပ်မက်ကမ္ဘာ VCD Album အတွက် အဆိုရှင်အသစ် နောက်ဆုံးအဆင့် ရွေးချယ်သီဆိုယှဉ်ပြိုင်ပွဲတွင် အဆိုရှင် ၂၁ ဦးတို့ပါဝင် ယှဉ်ပြိုင်ခဲ့ကြရာ၌ ပဏာမအဆင့်တွင် အဆိုရှင် အမျိုးသား ငါးဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၀ဦးတို့အား စိစစ်ရွေးချယ်ခဲ့သည်။

ဆက်လက်၍ ဒုတိယအဆင့်အဖြစ် အဆိုရှင် ၁၀ဦးတို့က ဆက်လက် ယှဉ်ပြိုင်ကြရာ ၎င်းတို့အနက်မှ နောက်ဆုံးအဆင့် ယှဉ်ပြိုင်နိုင်ရန် မောင်ယောဆာဘတ်၊ မောင်ရဲခေါင်၊ မောင်ကောင်းကောင်း၊ မသင်းသီရိထွဋ်၊ မဘေဘီနှင့် မဇင်မာမြင့် စုစုပေါင်း ခြောက်ဦးတို့အား ထပ်မံ ရွေးချယ်ခဲ့သည်။

ယင်းနောက် နောက်ဆုံးအဆင့် သီဆိုယှဉ်ပြိုင်သော အဆိုရှင် ခြောက်ဦးအနက်မှ Mamee Ambassador ပထမဆု (ကျား) မောင်ရဲခေါင်၊ Mamee Ambassador ပထမဆု (မ) မသင်းသီရိထွဋ်၊ Mamee Ambassador ဒုတိယဆု (မ)မဇင်မာမြင့်နှင့် Mamee Ambassador တတိယ (ကျား) မောင်ကောင်းကောင်းတို့ လေးဦးအား စိစစ်ရွေးချယ်ခဲ့သည်။

ထို့နောက် Myanmar Mamee Double Decker Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Pang က Mamee Ambassador ပထမဆုရ မောင်ရဲခေါင်အား ငွေကျပ် သိန်း ၂၀၊ Mamee Ambassador ပထမဆုရ မသင်းသီရိထွဋ်အား ငွေကျပ်သိန်း ၂၀၊ ဒုတိယဆုရ မဇင်မာမြင့်အား ငွေကျပ်သုံးသိန်း၊ တတိယဆုရ မောင်ကောင်းကောင်းအား ငွေကျပ်နှစ်သိန်းတို့ကို ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❒ *ကျော့ဖုံးမှ*

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထား သော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲ များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ များ၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၊ ဆူးလေစေတီတော်၊ ရွှေ ဘုန်းပွင့်စေတီတော်၊ သီရိမင်္ဂလာ ကမ္ဘာ အေး စေတီတော်နှင့် စွယ်တော်မြတ် စေတီတော် (ရန်ကုန်)တို့မှ ဂေါပက အဖွဲ့ဝင်များ၊ သာသနာရေးအသင်းအဖွဲ့ များမှ ပုဂ္ဂိုလ်များ၊ ဈေးမိဈေးဖများ၊ ဆွမ်းဆန်စိမ်းလောင်းလှူသော အလှူရှင် များ၊ သာသနာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ပြည်တွင်း ပြည်ပမှ သာသနာပြုဘွဲ့နှင့် သာသနာနုဂ္ဂဟဘွဲ့ ရရှိကြသည့်လူပုဂ္ဂိုလ်များ၊ သာသနာ တော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်အလှူ တော်ခံယူကြမည့် ဆရာတော်ကြီးများ၊ ဆရာတော်များနှင့် သာသနာနွယ်ဝင် သီလရှင် ဆရာကြီးများ၏ တပည့် ဒါယကာ ဒါယိကာမများနှင့် အထူး ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ဖျော်ဖြေ

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် တော်နှင့် အဆောင်အယောင်များ ဆက်ကပ် လှူဒါန်းအပ်နှင်းပွဲ မင်္ဂလာ အခမ်းအနားမစတင်မီ နံနက် ၁၁နာရီ မှစတင်၍ နိုင်ငံတော်ဆိုင်းအဖွဲ့က သီချင်းကြီးများဖြင့် တီးမှုတ်ဖျော်ဖြေ သည်။

နေရာချထား

ထို့နောက် နံနက် ၁၁ နာရီခွဲ တွင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ် တော်ရ ဆရာတော်များအား ဆဋ္ဌသင်္ဂါ ယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော် ကြီးရှိ နားနေခန်းသို့ တာဝန်ရှိသူများ က ကြိုတင်ပင့်ဆောင်ထားကြပြီး ကျန် ဘွဲ့ခံ ဆရာတော်များ၊ သာသနာ နွယ်ဝင် သီလရှင် ဆရာကြီးများနှင့် သာသနာနုဂ္ဂဟ ဘွဲ့ရ လူပုဂ္ဂိုလ်များအား မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး အတွင်းရှိ သတ်မှတ်နေရာများ၌ နေရာ ချထားပေးကြသည်။

ပင့်ဆောင်

ဆက်လက်၍ နံနက် ၁၁ နာရီ ၄၅မိနစ်တွင် နိုင်ငံတော်သံဃမဟာ နာယကဆရာတော်ကြီးများဦးဆောင် သော တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ အဘိဓဇမဟာ ရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော် ကြီးများ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ အဂ္ဂမဟာပဏ္ဍိတနှင့် အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် တော်ရ ဆရာတော်များအား ဆဋ္ဌသင်္ဂါ ယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော် ကြီး တောင်ဘက်မုခ်ဦးမှ စတင်၍ မင်္ဂလာနတ်လမ်းအတိုင်း ခမ်းနား ထည်ဝါစွာဖြင့် ပင့်ဆောင်လာကြရာ သာသနာရေး ဝန်ကြီးဌာန အကြံပေး အရာရှိ ဦးထင်မျိုးက အောင်သပြေ စိုက် ငွေဖလားကို ပိုက်လျက်လည်း ကောင်း၊ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်းများဖြစ်ကြသည့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က ပန်းကလပ်ကို ကိုင်ဆောင်လျက်လည်း ကောင်း၊ ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း က ကွမ်းတောင်ကို ကိုင်ဆောင်လျက် လည်းကောင်း၊ လက်ထောက်ညွှန်ကြား ရေးမှူး ဦးထွန်းနိုင်က “နိုင်ငံတော် သံဃမဟာနာယက” ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက်လည်းကောင်း၊ နိုင်ငံ တော် သံဃမဟာနာယက ဆရာတော် ကြီးများအား ပင့်ဆောင်လာကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက “တိပိဋကဓရ တိပိဋကကောဝိဒ” ဆိုင်းဘုတ်ကိုကိုင် ဆောင်လျက် တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်ကြီးများအား ပင့်ဆောင်လာသည်။

ဆက်လက်၍ ဒုတိယညွှန်ကြား ရေးမှူးဦးမြင့်နိုင်က “အဘိဓဇမဟာ ရဋ္ဌဂုရု” ဆိုင်းဘုတ်ကိုကိုင်ဆောင်လျက် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် အလှူခံယူတော်မူမည့် ဆရာတော်ကြီး သုံးပါးတို့အား ပင့်ဆောင်လာသည်။

ယင်းနောက် ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွန့်က “အဘိဓဇအဂ္ဂ မဟာ သဒ္ဓမ္မဇောတိက” ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်အလှူခံ ယူတော်မူမည့် ဆရာတော်ကြီး သုံးပါး တို့အား ပင့်ဆောင်လာသည်။

ဆက်လက်၍ လက်ထောက်ညွှန် ကြားရေးမှူး ဦးအေးလွင်က “အဂ္ဂမဟာ ပဏ္ဍိတ” ဆိုင်းဘုတ်ကို ကိုင်ဆောင် လျက် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် တော် အလှူခံယူတော်မူမည့် ဆရာတော် ၂၂ ပါးတို့အား ပင့်ဆောင်လာသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးသန်းဝင်း က “အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ” ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂ မဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် တော် အလှူခံယူတော်မူမည့် ဆရာတော် ကြီး အပါး ၄၀တို့အား ပင့်ဆောင် လာပြီး ဌာနမှူးဦးရဲဌေးက ပန်းမိုးရွာ လျက် နောက်ဆုံးမှလိုက်ပါလာသည်။

လက်အုပ်ချီမိုး ဂါရဝပြု

ယင်းကဲ့သို့ ဆရာတော်ကြီးများ အား မင်္ဂလာနတ်လမ်းအတိုင်း ခမ်းနား ထည်ဝါစွာဖြင့် ပင့်ဆောင်လာချိန်တွင် နိုင်ငံတော် ဆိုင်းအဖွဲ့က ရောင်ခြည် တော်ဘွဲ့ သီချင်းကြီးဖြင့် ငြိမ့်ညောင်း သာယာစွာ တီးမှုတ်ပူဇော်ကြသည့် အပြင် မဟာပါသာဏလိုဏ်ဂူသိမ်တော် ကြီးအတွင်း သတ်မှတ်နေရာအသီးသီး၌ နေရာယူထားကြသော ဧည့်ပရိသတ် တို့ကလည်း ဆရာတော်ကြီးများအား လက်အုပ်ချီမိုးလျက် ဂါရဝပြုကြသည်။

ဖတ်ကြားလျှောက်ထား

ထို့နောက် မင်္ဂလာအခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် စတင်ကျင်းပရာ ရေးဦးစွာ အခမ်းအနားမှူး သာသနာရေး ဝန်ကြီးဌာန သာသနာတော် ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနား အစီအစဉ်များကို ဖတ်ကြား လျှောက် ထားတင်ပြသည်။

ဖွင့်လှစ်

ယင်းနောက် မင်္ဂလာအခမ်းအနား သို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီး များနှင့် ဧည့်ပရိသတ်တို့က နမော တဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ၍ အခမ်းအနားကိုဖွင့်လှစ်သည်။

ထိုးခတ်ပူဇော်ကြ

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင် မြင့်မြင့်ကြည်က မြန်မာ့စောင်းနှင့် တွဲဖက်၍ ထူးမခြားနား သီချင်းခန့်ဖြင့် သီဆိုပူဇော်သည်။ သီဆိုပူဇော်မှုအပြီး တွင် မဟာပါသာဏလိုဏ်ဂူ သိမ်တော် ကြီးပတ်လည်ရှိ ခေါင်းလောင်း ၁၀၈ လုံးတို့ကိုတစ်ပြိုင်တည်း ကိုးကြိမ်တိုင် ထိုးခတ်ပူဇော်ကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရ အောင်ကိုက အခမ်းအနားဖွင့်စာတန်း ကို ဖတ်ကြားလျှောက်ထားသည်။

ငါးပါးသီလခံယူ

ဆက်လက်၍ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှပရိသတ်တို့က ငါးပါး သီလခံယူဆောက်တည်ကြသည်။

ဩဝါဒကထာမြွက်ကြား

ထို့နောက် နိုင်ငံတော်ဩဝါဒ စရိယ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက် မဟာနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တသောဘနက သမ္မော ဒနီယ ဩဝါဒကထာမြွက်ကြားချီးမြှင့် တော်မူသည်။

(မြသိန်းတန်ဆရာတော်၏ သမ္မောဒနီယ ဩဝါဒကထာကို သီးခြား ဖော်ပြထားပါသည်။)

ဆက်ကပ်လှူဒါန်း

ယင်းနောက် သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက် ကပ်လှူဒါန်းကြရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာ ကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးက အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရရှိတော် မူကြသောပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိ တက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ နရိန္ဒာစာရ၊ ရန်ကုန်တိုင်း ပုဇွန် တောင်မြို့နယ် မြသိန်းတန်ကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသောဘနနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မဟာသုဗောဓာရုံ ကျောင်း တိုက်ဆရာတော် ဘဒ္ဒန္တနာရဒ တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် နှင့် အဆောင်အယောင်တို့ကို ဆက်ကပ် လှူဒါန်းသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ် တော် ရရှိတော်မူကြသော ဧရာဝတီ တိုင်း ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဩသဓာဘိဝံသ၊ ရန်ကုန်တိုင်း ပုဇွန် တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနရိန္ဒာဘိဝံသနှင့် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ နန္ဒဝံသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင် တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် စော်ဘွား ကြီးကုန်း အောင်စေတီသာသနာ့ဗိမာန် ကျောင်းဆရာတော် ဘဒ္ဒန္တ စဋ္ဌိလ၊ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်(ပြည်) သဒ္ဓမ္မဇောတိကာရုံ စာသင်တိုက်ဆရာ တော်ဘဒ္ဒန္တ ဉာဏဝံသ၊ ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ရန်မနိုင်ကျေးရွာ သာသနဓဇ အောင်မြေသိပ္ပံကျောင်း ဆရာတော် ဘဒ္ဒန္တ သူရိယနှင့် ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့ ဝေဠုဝန် စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလတို့အား သာသနာတော် ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင် အယောင်တို့ကို ဆက်ကပ် လှူဒါန်း သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

3-3 (06) 1 3/3/07, 3:09 PM

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးတို့အား လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အား လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အား လည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အား လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အား လည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အား လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ရဲမြင့်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော်ခြောက်ပါးတို့အားလည်းကောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့်အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာဂန္ထဝါစက ပဏ္ဍိတ၊ ဓမ္မကထိက ဗဟုဇန ဟိတဓရ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ သဒ္ဓမ္မဇောတိကဓဇ နှင့် ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

သီလရှင်ဆရာကြီးများအားဆက်ကပ်

ယင်းနောက် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့ ရရှိကြသည့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မောက္ခသိဝံချောင်မှ သီလရှင်ဆရာကြီး ဒေါ်ကဥ္စနဝတီ၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် တကောင်းကျောင်း ဉာဏဝတီ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဉာဏဝတီ၊ မကွေးတိုင်း ပခုက္ကူမြို့ သီတာဇ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ပုညစာရီနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မိဂဒါဝုန်ချောင်မှ သီလရှင်ဆရာကြီး ဒေါ်ပုညကာမီတို့အား စာချဘွဲ့တံဆိပ်တော်တို့ကိုလည်းကောင်း၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့ရ တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ် ရန်တောင်ရွာ တောက်ထိန်တောင် ဇောခိရိပ်သာမှ သီလရှင်ဆရာကြီး ဒေါ်သုမနစာရီအား ကမ္မဋ္ဌာန်းဘွဲ့တံဆိပ်တော်ကို လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ရ စစ်ကိုင်းတိုင်း မုံရွာမြို့ လယ်တီရပ် ဩဝတီ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးဒေါ်ဩဝတီ၊ မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့ရရှိကြသည့် စစ်ကိုင်းတိုင်းစစ်ကိုင်းမြို့ ဇမြို့ချောင် မော်လမြိုင် သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်သီတဝရဉာဏီ၊ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ စိတ္တပါလဂူ ကျောင်းတိုက်မှ သီလရှင်ဆရာကြီးဒေါ်ခမေသီ၊ ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင်မြို့ အမ္ဗာရာမ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးဒေါ်ကုလာစာရီနှင့် စစ်ကိုင်းတိုင်း မုံရွာမြို့ သဒ္ဓမ္မရံသီ သီလရှင်ကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါ်အဋ္ဌနတို့အား သာသနာပြု ဘွဲ့တံဆိပ်တော်နှင့် စာချဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းက မဟာဂန္ထ ဝါစကပဏ္ဍိတ ဘွဲ့ရရှိကြသည့် တနင်္သာရီတိုင်း ထားဝယ်မြို့ ရတနာမာန်အောင် သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဓမ္မစာရီနှင့် ကချင်ပြည်နယ် ဖားကန့်မြို့ မရိုကတောင်ရပ် ရောင်ခြည်ဦး ထေရဝါဒ သီလရှင်စာသင်တိုက်မှ သီလရှင် ဆရာကြီး ဒေါ်မြနန္ဒီတို့အားလည်းကောင်း၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့ ရရှိကြသည့် ပဲခူးတိုင်းတောင်ငူမြို့ ဇေယျာသီရိ မိဘမဲ့ အမျိုးသမီးကလေးများကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်မေဒိနီ၊ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဓမ္မဝါဒီ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဓမ္မသီဂီနှင့် ကချင်ပြည်နယ် ဗန်းမော်မြို့ သာသနကာရီ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဣန္ဒာစာရီတို့အား လည်းကောင်း သာသနာပြု ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၏ဇနီး ဒေါ်မာလာတင့်၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၏ဇနီး ဒေါ်ခင်လေးမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်းတို့က သဒ္ဓမ္မ ဇောတိကဓဇနှင့် ဂန္ထဝါစက ပဏ္ဍိတဘွဲ့ရ သီလရှင် ဆရာကြီးများအား စာချ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

အပ်နှင်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရရှိကြသည့် ပဲခူးတိုင်း (အနောက်ပိုင်း) အုတ်ဖိုမြို့ ကျွန်းကုန်း ကျေးရွာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာမှ ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း ဘုရားလမ်းနေ ဦးဉာဏ်လွင်၊ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် မြင်းစိုင်းလမ်းနေ ဦးအောင်ကြည်မြင့်၊ ရန်ကုန်တိုင်း သာကေတမြို့နယ် သန်လျင်တံတားအိမ်ရာဝင်းခရေလမ်းမှ ဦးတင့်ဆန်းနှင့် ရန်ကုန်တိုင်း တာမွေမြို့နယ် ဦးထွန်းမြတ်လမ်းနေ ဒေါက်တာမိုးတင်တို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက သီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရရှိကြသည့် မန္တလေးတိုင်း မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်မှ ဦးကံတင်၊ မန္တလေးတိုင်း မိုးကုတ်မြို့ မြို့မရပ်မှ ဦးတူးမောင်၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက်မှ ဦးထွန်းရှိန်၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ရွှေမာလာရိပ်မွန်မှ ဦးမြင့်စိုးနှင့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁) ရပ်ကွက်မှ ဦးကိုကိုအေးတို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

သာသနာနုဂ္ဂဟဘွဲ့

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က သီဟသုဓမ္မ မဏိဇောတဓရဘွဲ့ ရရှိကြသည့် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်မှ ဦးစံသိန်း၊ မန္တလေးတိုင်း မိတ္ထီလာမြို့ အရှေ့ပြင်ရပ်ကွက်မှ ဦးကျော်အေး၊ မန္တလေးတိုင်း ပျော်ဘွယ်မြို့ ရွှေပြည်ရန်နိုင်ရပ်မှ ဦးမြင့်စိုးနှင့် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉)ရပ်ကွက်မှ ဦးချစ်မွေးတို့အားလည်းကောင်း၊ သုဓမ္မမဏိဇောတဓရဘွဲ့ ရရှိသည့် ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီမြို့နယ် သုံးဆယ်မြို့မှ ဦးလှထွန်းအားလည်းကောင်း သာသနာနုဂ္ဂဟဘွဲ့နှင့် သာသနာပြုဘွဲ့တို့ကို အပ်နှင်းသည်။

လူပုဂ္ဂိုလ်များ

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးတို့က သုဓမ္မမဏိဇောတဓရ၊ မဟာသဒ္ဓမ္မဇောတိကဓဇနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့ရရှိကြသည့် လူပုဂ္ဂိုလ် (အမျိုးသား)များအား သာသနာနုဂ္ဂဟဘွဲ့တို့ကို အပ်နှင်းသည်။

စာမျက်နှာ ၈ ကော်လံ ၁

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူ

စာမျက်နှာ ၇ မှ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်းက အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်မှ ဒေါ်စိန်စိန်ရီ၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်ချိုရပ်ကွက်နေ ဒေါ်ခင်မြင့်မြင့်၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည် ရပ်ကွက်နေ ဒေါ်ကြည်ကြည်ဆွေ၊ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပြည်လမ်းနေ ဒေါ်အေးအေးစိုး၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံလမ်းမကြီးနေ ဒေါ်အေးမြတ်နွယ်နှင့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဘုရင့်နောင် ပွဲရုံတန်းနေ ဒေါ်သင်းသင်းအေး (ခေါ်) မကြီးတို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကိုအပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်က သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် စစ်ကိုင်းတိုင်း မုံရွာမြို့ ဘုရားကြီးရပ်ကွက်နေ ဒေါ်ကြွေကြွေ၊ စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် မိုင်းကိုင်အုပ်စုကြို့ပင်ရွာနေ ဒေါ်အီလု (ခေါ်)ဒေါ်ခင်လှ၊ ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ မြို့မရပ်ကွက်နေ ဒေါ်စမ်းမြင့်၊ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့နယ် ကျောင်းကြီးအိုးတန်းရပ်နေ ဒေါ်လှမြိုင်၊ မန္တလေးတိုင်း မိုးကုတ်မြို့ ရှမ်းစုရပ်နေ ဒေါ်လုံးတင်နှင့် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ ဘူတာရပ်ကွက်နေဒေါ်ဆင်နုတို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းက သီရိသုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသည့် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်နေ ဒေါ်စန်းစန်းတင့်(ခေါ်) ဒေါ်ရဲ၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် သံလျက်မော် အနောက် သာသနာပိုင်ရပ်နေ ဒေါ်စန်းစန်းဝေ၊ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်ကွက်နေ ဒေါ်ခင်လေး၊ မန္တလေးတိုင်း မြို့သစ်မဟာမြိုင်(၂)နေ ဒေါ်နွဲ့နွဲ့စန်း၊ မန္တလေးတိုင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ်နေ ဒေါ်မြင့်မြင့်နွယ်နှင့် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၀/က)ရပ်ကွက်နေ ဒေါ်အေးသိန်းတို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကိုအပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၏ဇနီး ဒေါ်မာလာတင့်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ဇနီး ဒေါ်ခင်လေးမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၏ ဇနီး ဒေါ်အေးအေးတို့က သီရိသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီ၊ သုဓမ္မသိင်္ဂီနှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ရရှိကြသည့် လူပုဂ္ဂိုလ် (အမျိုးသမီး) များအား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်များ အပ်နှင်းကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကိုလျှောက်ထားရာတွင် မြတ်စွာဘုရားရှင်၏ ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး တိုးတက် ထွန်းကားဆုံး ဦးဆောင်နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် သာသနာတော်ဆိုင်ရာ ဘာသာရေးပွဲတော်အခမ်းအနားများကို ကာလဒေသနှင့်အညီ ကျင်းပနေကြပင်ဖြစ်ပါကြောင်း၊ ယခုပူဇော်ပွဲ အခမ်းအနားကြီး ကျင်းပရာ တပေါင်းလ အခါသမယသည်ကား “တပေါင်းသာခေါင် လများနောင်” ဟု ဆိုရလောက်အောင်ပင် သာယာလှပါကြောင်း၊ မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဖွားဖက်တော်ဖြစ်ခဲ့သော ကာဠုဒါယီမထေရ်မြတ်က ဆောင်းနှောင်းနွေပြောင်း ရွက်ဟောင်းကြွေ ရွက်နုဝေသည့် တပေါင်းလပြည့်နေ့၏ သာယာပုံ အခြင်းအရာများကို ၆၄ ဂါထာတို့ဖြင့် စီကုံးဖွဲ့နွဲ့ကာ ဘုရားရှင်အား ကပိလဝတ် နေပြည်တော်သို့ ကြွတော်မူရန် လျှောက်ထားခဲ့ပါကြောင်း။

ဤမျှသာယာလှပသော နေ့ထူးနေ့မြတ်တွင် သာသနာမှ ပူဇော်ပြုကြသည့် ယခု အခမ်းအနားကြီးသို့ ကြွရောက်ချီးမြှင့်တော်မူကြသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ စသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်တို့ကို အလှူခံယူတော်မူကြသည့် သံဃာတော်အရှင်သူမြတ် အပေါင်းတို့အား စုံညီစွာဖူးမြင်ရပြီး ပူဇာစ ပူဇနေယျာနံ-မင်္ဂလာနှင့်အညီ ပူဇော်သင့် ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့အား ချီးမြှင့်ပူဇော်ခွင့်ရရှိပါသဖြင့် ကုသိုလ်မင်္ဂလာ အကျိုးတရားများ တိုးပွားရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

ဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူစကပင် မြန်မာနိုင်ငံမှ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် မဇ္ဈိမဒေသ၌ ဗုဒ္ဓဘုရားရှင်အား ဖူးမြော်ရပြီး ဆံတော်မြတ်ရှစ်ဆူကို ပင့်ဆောင်လာသောကြောင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော်မြတ်ကြီး ရှေးဦးစွာအခြေချနိုင်ခဲ့ပါကြောင်း၊ တစ်ဖန် ဂဝံပတိ ရဟန္တာမထေရ်မြတ်ကြီး ပင့်ဆောင်လာသောကြောင့် သုဝဏ္ဏဘူမိ သထုံပြည်သို့ မြတ်စွာဘုရားရှင် ဒေသစာရီကြွချီတော်မူခဲ့ပါကြောင်း၊ ထို့ပြင် မင်းဘူးခရိုင် လယ်ကိုင်းကျောင်းတော်ရာနှင့် ရွှေစက်တော်ဒေသသို့ ဗုဒ္ဓဘုရားရှင်ကြွချီတော်မူခဲ့ကြောင်းကိုလည်း သာသနာဝင်သမိုင်းမှတ်တမ်းများအရ သိရှိနိုင်ပါကြောင်း။

ငါးပါးသီလ ခံယူဆောက်တည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော်မြတ်ကြီး ရှေးဦးစွာရောက်ရှိကိုးကွယ်ဆည်းကပ်ခွင့် ရရှိခဲ့သည် မှန်ပါသော်လည်း ပရိယတ္တိစာပေကျမ်းဂန်များ မပျံ့နှံ့သေးသဖြင့် အစွန့်ရှည်စွာ တည်တံ့ပြန့်ပွားအောင်ကျယ်ပြန့်စွာမဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးလက်ထက်တွင်ကား အရှင်အရဟံ ရဟန္တာမထေရ်မြတ်ကြီးထံမှ တရားတော်များကို နာယူရသဖြင့် တရားမျက်စိပွင့်လင်းခဲ့သည့်အပြင် သုဝဏ္ဏဘူမိသထုံပြည်မှ ပိဋကတ်တော်များနှင့် ကျမ်းဂန်တတ်ဆရာတော်များကို ပုဂံပြည်သို့ ပင့်ဆောင်နိုင်ခဲ့ပါကြောင်း၊ ဤသို့ ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို စနစ်တကျ အခြေစိုက်တည်ဆောက်နိုင်ကာ အရှည်တည်တံ့တိုးတက်စည်ပင်ခဲ့သည်မှာ ပရိယတ္တိသာသနာတော်၏ အကျိုးကျေးဇူးဖြစ်သဖြင့် ထိုပရိယတ္တိသာသနာတော်ကို တိုးတက်ဖြစ်ထွန်းအောင်အဆင့်ဆင့် အဆက်ဆက် ဂန္ထဓုရတာဝန်ထမ်းဆောင်တော်မူခဲ့ကြသော သံဃာတော်အရှင်မြတ်တို့၏ ကျေးဇူးတော်ကား အလွန်ပင်ကြီးမားလှပါကြောင်း။

ဆရာတော် သံဃာတော်အရှင်သူမြတ်များသည် ပရိယတ္တိသာသနာတော် အခြေခံ၍ သာသနာတော်မြတ်ကြီးအား အစဉ်သဖြင့် ထိန်းသိမ်းစောင့်ရှောက်တော်မူကြသကဲ့သို့ ခေတ်အဆက်ဆက် သာသနာပြု မင်းကောင်းမင်းမြတ်များသည်လည်း ဆရာတော်အရှင်မြတ်ကြီးများ၏ ဩဝါဒနှင့်အညီ အာဏာစက်အကူအညီနှင့်တကွ ပစ္စယာနုဂ္ဂဟအားဖြင့် ပံ့ပိုးစောင့်ရှောက်ခဲ့ကြပါကြောင်း၊ ယနေ့မျက်မှောက်ခေတ်တွင်လည်း နိုင်ငံတော်အစိုးရအနေနှင့် သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များ ပရိယတ္တိစာပေများ သင်ကြားအားထုတ်မှု တိုးတက်စေရန်အတွက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများဖွင့်လှစ်ပေးခြင်း၊ သာသနာ့တက္ကသိုလ်ကြီးများ အဆင့်တိုးမြှင့်ရေးအတွက် ပညာရေးနှီးနှောဖလှယ်ပွဲများကျင်းပပေးခြင်း၊ နိုင်ငံတကာပညာရှင်များနှင့်ဆွေးနွေးညှိနှိုင်းခြင်းစသည်များ ဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်ဖက်ကလည်း ပထမပြန်စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲ၊ နိကာယ်ငါးရပ်ပါဠိတော်စာမေးပွဲနှင့် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲများကို အစဉ်တစိုက် ကျင်းပပေးလျက်ရှိပါကြောင်း၊ ပြီးခဲ့သည့် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလက ကျင်းပခဲ့သော(၅၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်မြင်ကြသော ရဟန်းသာမဏေများအနက် ပိဋကတ်သုံးပုံ စလုံးကို အာဂုံပြန်ဆိုအောင်မြင်သူ ဆရာတော်တစ်ပါးပေါ်ထွန်းခဲ့ပါကြောင်း၊ သို့ဖြစ်ရာ မြန်မာနိုင်ငံတော်တွင် ပိဋကတ်သုံးပုံစလုံး အာဂုံရေးဖြေ အောင်မြင်တော်မူပြီးသော သာသနာ့အာဇာနည် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ဆရာတော် ၁၁ပါး၊ ပိဋကတ်သုံးပုံ စလုံး အာဂုံပြန်ဆို အောင်မြင်ပြီး၍ ရေးဖြေ ဖြေဆိုအောင်မြင်နိုင်ရေး အလားအလာရှိသူ တိပိဋကဓရ ဆရာတော်သုံးပါး ရှိနေပါကြောင်း။

ဤကဲ့သို့ ပရိယတ္တိ သာသနာတော်ကြီးအတွက် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်သည့် နည်းတူ ပဋိပတ္တိ သာသနာတော်လုပ်ငန်းများအတွက် ကမ္မဋ္ဌာန်းရိပ်သာကျောင်းများတိုးမြှင့်တည်ထောင်ဖြစ်ထွန်းစေရန်အတွက်လည်းကူညီပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ထိုသို့သာသနာတော်သုံးရပ်တိုးတက်စည်ပင်ပြန့်ပွားစေရန် ဆရာ ဒကာ လက်တွဲဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသစသည့် ပရိယတ္တိဝန်ဆောင်သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးများ၊ မဟာစည်ဆရာတော်၊ မိုးကုတ်ဆရာတော်၊ ဝေဘူဆရာတော်စသည့် ပဋိပတ္တိဝန်ဆောင်ပုဂ္ဂိုလ်ထူးများ အစဉ်တစိုက် ဆက်လက် ပေါ်ထွန်းနေသည်မှာ ထင်ရှားလှပါကြောင်း။

ထို့ပြင် နိုင်ငံတော်အစိုးရက နှစ်စဉ်နှစ်တိုင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းသည်လည်း သာသနာတော်သုံးရပ်ကို ချီးမြှောက်မှု တစ်ခုဖြစ်ပါကြောင်း၊ ဘုရားရှင် လက်ထက်တော်အခါက ဘုရားရှင်၏ တပည့်သာဝက ရဟန်းပရိသတ်၊ လူပရိသတ်များထဲမှ အရာဌာနအားလျော်စွာ ထင်ရှားသည့် ပုဂ္ဂိုလ်ထူးများအား ဧတဒဂ်ဘွဲ့ထူးဖြင့် သတ်မှတ် ပေးအပ်ခဲ့သည့် အစဉ်အလာကိုယူလျက် ရှေးရှေးသာသနာပြု မင်းကောင်း မင်းမြတ်များနည်းတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ လွတ်လပ်ရေးနေ့ရောက်တိုင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း။

ယခုနှစ် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၄ရက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာ(၁/၂၀၀၇)ကို ထုတ်ပြန်ကြေညာလျက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ် အပ်နှင်းခဲ့ရာ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး သုံးပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး သုံးပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၂ပါး၊ သာသနာပြု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၂၅ပါး၊ ဓမ္မကထိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ရှစ်ပါး၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၃၁ပါး၊ စာချ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၂၅ပါး၊ စာချဘွဲ့ တံဆိပ်တော်ရ သီလရှင် ၂၀ပါး၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ သီလရှင်တစ်ပါး၊ သာသနာပြု ဘွဲ့တံဆိပ်တော်ရ သီလရှင်ကိုးပါး၊ သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသား ၁၃ဦး၊ သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသမီးတစ်ဦး၊ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသား ၁၆ဦး၊ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသမီး ၄၀ ဦး စုစုပေါင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်၄၁၇ ဦး ဖြစ်ပါကြောင်း။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းရာတွင် ဆရာတော် အရှင်သူမြတ်တို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးထား ဆောင်ရွက်တော်မူကြလျက် သာသနာပြုတော်မူခြင်း သာသနဟိတဓရဂုဏ်၊ တရားတော်များကို သင်ကြားပို့ချ ဟောပြောညွှန်ပြခြင်း ဓမ္မာနုဂ္ဂဟဂုဏ်တို့ကို ရည်မှန်း၍ လည်းကောင်း၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများ၏ သာသနာပြုစွမ်းရည်နှင့် ဥပါသကာ၊ ဥပါသိကာ အမျိုးသား အမျိုးသမီးတို့၏ သာသနာတော်ကို စေတနာသဒ္ဓါထက်သန်စွာ ချီးမြှောက်ထောက်ပံ့ခြင်း သာသနာနုဂ္ဂဟ ဂုဏ်တို့ကို လေးစားတန်ဖိုးထား၍လည်းကောင်း ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ယခုကဲ့သို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်း ပူဇော်ခြင်း ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ယနေ့ ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားတွင် လမ်းညွှန်စီစဉ်ပေးသော နိုင်ငံတော် အစိုးရနှင့်တကွ ပါဝင်ဆောင်ရွက်ပေးကြသော ဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပါဝင်လှူဒါန်းကြသော ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့်တကွ စေတနာရှင် အလှူရှင်များနှင့် ဝေယျာဝစ္စ ဆောင်ရွက်ပေးကြသူများ၏ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုအစုစု အဖြာဖြာသည် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်း ဖြစ်ပါစေကြောင်းနှင့် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့၏ ဩဝါဒကို နာယူလျက် နိုင်ငံတော်အစိုးရနှင့် ပြည်သူ ပြည်သားတို့ ဆရာ ဒကာ လက်တွဲညီညာစွာဖြင့် သာသနာတော်ကြီးအကျိုး ပွားတိုးထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရေဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမ ဈေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩဘာသာဘိဝံသထံမှ ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားအပြီးတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သာသနာနွယ်ဝင်သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန မိသားစု၊ ဝန်ကြီးချုပ်ရုံး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများ၊ စစ်ရေးချုပ်ရုံး မိသားစု၊ စစ်ထောက်ချုပ်ရုံး မိသားစု၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ)၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့များ၊ တိုင်းရင်းဆေးလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများ အသင်း၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိက စေတနာရှင် အလှူရှင်များက သတ်မှတ်နေရာအသီးသီးတို့မှ နေ၍ ဆွမ်းဆန်စိမ်း အစရှိသော လှူဖွယ်ပစ္စည်းများကို သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူကြသည်။

ယင်းသို့ ဆွမ်းဆန်စိမ်းအစရှိသော လှူဖွယ်ပစ္စည်းများကို လောင်းလှူကြရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစု၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်နှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ စေတနာရှင် အလှူရှင်ပြည်သူများသည် မဟာပါသာဏလိုဏ်ဂူအရှေ့ဘက်မှ တောင်ဘက်အထိ လိုဏ်ဂူပတ်လမ်းတစ်လျှောက်၊ ဝိဇယမင်္ဂလာဓမ္မသဘင် အနောက်ဘက်မှ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် အနောက်ဘက်မုခ်လမ်း တစ်လျှောက်၊ ထိုမှတစ်ဆင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)အဝင်လမ်းတစ်လျှောက်တို့ရှိ သတ်မှတ်နေရာအသီးသီးတို့မှနေ၍ စုစုပေါင်း ငွေ ၁၇၅၁၆၀၇၅၁ ကျပ် တန်ဖိုးရှိသည့် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို စည်ကားသိုက်မြိုက်စွာ ကြည်ဖြူသဒ္ဓါဖြင့် လောင်းလှူပူဇော်ကြရာ ကြီးကျယ်ခမ်းနားလှစွာသော အလှူဒါန အောင်ပွဲသဘင်မှ ကောင်းချီးနှမော် သာဓုခေါ်သံများ ဘဝဂ်လျှံအောင် ပျံ့လွှင့်လျက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူစဉ်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်အပ်နှင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

မတ် ၂ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဇနီးတို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူကြစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

မတ် ၂ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူစဉ်။

(သတင်း-ရွှေဖုံး) (သတင်းစဉ်)

မတ် ၂ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။

(သတင်း-ရွှေဖုံး) (သတင်းစဉ်)

ဆွမ်းဆန်စိမ်းလောင်းလှူ

မတ် ၂ ရက်က ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီးတို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူကြစဉ်။

(သတင်း-ရွှေဖုံး) (သတင်းစဉ်)

မတ် ၂ ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့်ဇနီးတို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူကြစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ပွဲသို့ ကြွရောက်တော်မူကြသည့် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီး ဘုရားခန်း၌ကျင်းပရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရေးဗဟိုအဖွဲ့နာယက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းတက်ရောက်၍ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ကိုးပါးသီလ ခံယူဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရေးဗဟိုအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ ဆရာတော်အရှင်သူမြတ်များအား သင်္ကန်းနှင့်တကွ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ ပရိသတ်များက အနုမောဒနာတရားကိုနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်ပြီး တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**

အသက်(၂၁)နှစ်အောက် မြန်မာအမျိုးသား ဘောလုံးအားကစားအဖွဲ့ ဘရူနိုင်းသို့ထွက်ခွာ

ရန်ကုန် မတ် ၂

မတ် ၃ ရက်မှ ၁၇ရက်အထိ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆာရီဘီဂါဝမ်မြို့၌ ကျင်းပမည့် ဘရူနိုင်းဘုရင့်ဖလား ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးမောင်ဝင်း ခေါင်းဆောင်သော အသက် ၂၁ နှစ်အောက် မြန်မာလူငယ် အမျိုးသားဘောလုံး အားကစားအဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မြန်မာနိုင်ငံ ရန်ကုန်တိုင်းအတွင်း သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်းရှိ မြို့နယ်များအတွင်း ကြက်ငှက်သေဆုံးမှုဖြစ်စဉ်များနှင့် အရေးယူဆောင်ရွက်မှုများ

၁။ (က) ကျီးကန်းမြေကျသေဆုံးမှု

ရက်စွဲ	မြို့နယ်	သေဆုံးမှု ကောင်ရေ	အရေးယူဆောင်ရွက်မှု
၂၇-၂-၂၀၀၇	သန်လျင်	၆	ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းပေးပို့စမ်းသပ်စစ်ဆေးရာ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုး မတွေ့ရှိရပါ။
၁-၃-၂၀၀၇	မင်္ဂလာဒုံ	၃	ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းပေးပို့စမ်းသပ်စစ်ဆေးရာ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုး မတွေ့ရှိရပါ။
၂-၃-၂၀၀၇	မရမ်းကုန်း	၁၇	ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းပေးပို့စမ်းသပ်စစ်ဆေးရာ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုး မတွေ့ရှိရပါ။
၂-၃-၂၀၀၇	တာမွေ	၃	ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းပေးပို့စမ်းသပ်စစ်ဆေးရာ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုး မတွေ့ရှိရပါ။
၂-၃-၂၀၀၇	ဗိုလ်တထောင်	၁	ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းပေးပို့စမ်းသပ်စစ်ဆေးရာ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုး မတွေ့ရှိရပါ။

(ခ) ကြက်/ဘဲ သေဆုံးမှု

ရက်စွဲ	မြို့နယ်	သေဆုံးမှု ကောင်ရေ	အရေးယူဆောင်ရွက်မှု
၂၇-၂-၂၀၀၇	မရမ်းကုန်း	စီးပွားဖြစ် ဥစားကြက် (၇၁)ကောင်	ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းပေးပို့ စမ်းသပ်စစ်ဆေးခဲ့ရာ ပဏာမစစ်ဆေးချက်အရ Rapid Test Kit Type A ရောဂါပိုး တွေ့ရှိရသဖြင့် ရောဂါကြိုတင်ကာကွယ်တားဆီးရေးအစီအစဉ်အရ သုတ်သင်ဖျက်ဆီးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပါသည်။
၂၈-၂-၂၀၀၇	သဃ်္ဃန်းကျွန်း	တိုင်းရင်းကြက် (၃)ကောင် ဒေသဘဲ (၅)ကောင်	ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း ပေးပို့စမ်းသပ်စစ်ဆေးခဲ့ရာ ပဏာမ စစ်ဆေးချက်အရ Rapid Test Kit Type A ရောဂါပိုး တွေ့ရှိရသဖြင့် ရောဂါကြိုတင်ကာကွယ်တားဆီးရေးအစီအစဉ်အရ သုတ်သင်ဖျက်ဆီးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပါသည်။
၂၈-၂-၂၀၀၇	အင်းစိန်	တိုင်းရင်းကြက် (၂)ကောင်	ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း ပေးပို့စမ်းသပ်စစ်ဆေးခဲ့ရာ ပဏာမ စစ်ဆေးချက်အရ Rapid Test Kit Type A ရောဂါပိုး တွေ့ရှိရသဖြင့် ရောဂါကြိုတင်ကာကွယ်တားဆီးရေးအစီအစဉ်အရ သုတ်သင်ဖျက်ဆီးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပါသည်။
၂-၃-၂၀၀၇	လှိုင်သာယာ	စီးပွားဖြစ် ဥစားကြက် (၁၁)ကောင်	ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း ပေးပို့စမ်းသပ်စစ်ဆေးခဲ့ရာ ပဏာမ စစ်ဆေးချက်အရ Rapid Test Kit Type A ရောဂါပိုး တွေ့ရှိရသဖြင့် ရောဂါကြိုတင်ကာကွယ်တားဆီးရေးအစီအစဉ်အရ သုတ်သင်ဖျက်ဆီးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပါသည်။

၂။ ဖြစ်စဉ်ပေါ်သုံးသပ်ချက်

(က) ရန်ကုန်တိုင်း သန်လျင်မြို့နယ်၊ ခရမ်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ တာမွေမြို့နယ်များတွင် ၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ ကျီးကန်းများ မြေကျသေဆုံးမှုဖြစ်စဉ်များ ပေါ်ပေါက်ဖြစ်ပွားခဲ့ပြီး ကျီးကန်းအချို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ်ရာများ တွေ့ရှိခဲ့ရပါသည်။

(ခ) ကျီးအချို့သေဆုံးမှုသည် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသော မွေးမြူရေးကြက်များ၏ အသေကောင်နှင့် ကလီစာများအား စည်းကမ်းမဲ့စွန့်ပစ်သဖြင့် ယင်းတို့ကို ကျီးကန်းများထိုးဆိတ် စားသုံးရာမှ ရောဂါကူးစက်ပြန့်ပွားခြင်း ဖြစ်နိုင်ချေရှိကြောင်း သုံးသပ်ရရှိပါသည်။

၃။ တိရစ္ဆာန်ကျန်းမာရေးသတိရှိရေး

(က) ကျီးကန်းများ ပြုတ်ကျသေဆုံးလျှင် လက်အိတ်၊ နှာခေါင်း အကာကွယ်တို့ဖြင့် ပလတ်စတစ်အိတ်အတွင်းထည့်ပြီး ရောဂါစစ်ဆေးရန် မွေးကုဦးစီးဌာန တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ ပေးပို့ရန်၊ ကျီးကန်းအသေများကို ထုံး(သို့မဟုတ်) ပိုးသတ်ဆေးဖျန်းခြင်း၊ (သို့မဟုတ်) အလွယ်တကူရနိုင်သော ပွက်ပွက်ဆူနေသည့် ရေနွေးပူလောင်းပြီး မြေမြှုပ်ပစ်ရန်။

(ခ) ပြုတ်ကျသေဆုံးသော ကျီးကန်းများနှင့် ရောဂါဖြစ်သေဆုံးသော ကြက်များအား စားသောက်ခြင်းမပြုရန်နှင့် ရောင်းချခြင်းမပြုရန်။

(ဂ) ကြက်မွေးမြူသူများအနေဖြင့် ဒေသခံ ကျီး၊ စာကလေး၊ ခိုများ၊ မွေးမြူရေးကြက်ခြံများသို့ ဝင်ရောက်နိုင်ခြင်းမရှိရေး၊ အကာအရန်များ ထားရှိကာကွယ်ထားရှိရန်။

(ဃ) ရောဂါဖြစ်ပွားသော ကြက်ခြံ၊ အစာအိတ်နှင့် ကြက်စာများကို အသုံးမပြုရေး တင်းကျပ်စွာ သတိပြုရန်။

၄။ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ကြက်၊ ဘဲ၊ ငုံးမွေးမြူထုတ်လုပ်သူ၊ ပြုပြင်သယ်ဆောင် ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်တားဆီးထိန်းချုပ်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း တာဝန်ရှိသူများ၊ ကြက်ခြံပိုင်ရှင်များနှင့် ကြက်မွေးမြူရေးလုပ်ငန်းရှင်များအား ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာကိစ္စများကို မှာကြားစဉ်။ (မွေး/ရေ)

ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး မှာကြား

ရန်ကုန် မတ် ၂

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ယမန်နေ့ညနေ ၃နာရီခွဲတွင် အင်းစိန်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကြက်ခြံပိုင်ရှင်များ၊ ကြက်မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာကိစ္စများကို မှာကြားသည်။

ရှင်းလင်းမှာကြား

ဝန်ကြီးက ရန်ကုန်တိုင်းအတွင်း နေရာအနည်းငယ်တွင် ကြက်ငှက်တုပ်ကွေးဟု သံသယဖြစ်ဖွယ် ကိစ္စများ စစ်ဆေးတွေ့ရှိခဲ့ရကြောင်း၊ ယင်းသို့အနက်မှ ကြက်ခြံငယ်တစ်ခြံနှင့်အိမ်မွေးကောင်ရေ အနည်းငယ်ခန့်ကို ပြည်သူလူထုကျန်းမာရေးအတွက် စိတ်ချရအောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် ရှင်းလင်းခဲ့ရကြောင်း၊ အနီးပတ်ဝန်းကျင်ဒေသများတွင်ဆေးဖျန်းခြင်း၊ စောင့်ကြည့်ခြင်းတို့ကို ဒေသအာဏာပိုင်များနှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်နေပါကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်တာဝန်ရှိပုဂ္ဂိုလ်များသည် ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းရေး ကြက်ခြံ၊ ကြက်မွေးသူများကလည်း ပူးပေါင်းပါဝင်ရေး၊ အကယ်၍ H5N1 ဟု

စာမျက်နှာ ၁၄ ကော်လံ ၆ သို့

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

အရန်သားဖွား သင်တန်းဆင်း

မကွေးတိုင်း မကွေးခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အရန်သားဖွား ဆရာမများ သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၇ရက်က မကွေးမြို့နယ် ခန်းမ၌ ကျင်းပရာ တိုင်းအသင်းဥက္ကဋ္ဌ ဒေါ်စမ်းစမ်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့သည်။

လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး ဆွေးနွေး

မန္တလေးတိုင်း ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး အလုပ်ရုံ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ရက်က ခရိုင်ရုံး၌ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးညွန့်ရွှေက အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲတွင် ဆုရရှိသူများအား ခရိုင်ဥက္ကဋ္ဌက ဆုများချီးမြှင့်ခဲ့သည်။

ကျေးလက်တံတား ဆောက်လုပ်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြဝတီရုပ်မြင်သံကြားရုပ်သံလွှင့်ရုံအနီး မြို့ရှောင်ကွင်းလမ်းပေါ်တွင် အလျား ၂၂ပေ၊ အကျယ် ၁၀ ပေ၊ အမြင့်လေးပေရှိ အုတ်ခုံခံသစ်သားတံတားကို တည်ဆောက်လျက်ရှိရာ ဖေဖော်ဝါရီ ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အင်ဂျင်နီယာမှူး ဦးသိန်းမြင့် ကွင်းဆင်းကြီးကြပ်ခဲ့သည်။

ရုပ်မြင်သံကြားဖမ်းစက်နှင့် စာအုပ်မျိုးစုံလှူဒါန်း

စစ်ကိုင်းတိုင်း ကနီမြို့နယ် နတ်လာပို့မြောက်ကျေးရွာအုပ်စုနေ ပြည်သူများက ကျေးရွာအခြေခံပညာ အလယ်တန်း ကျောင်းခွဲအတွက် ရုပ်မြင်သံကြားဖမ်းစက်နှင့် စာအုပ်မျိုးစုံ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၇ရက်က အဆိုပါ ကျောင်း၌ ကျင်းပရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထွန်းဝင်းက ၂၁လက်မ ရောင်စုံ ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးကိုလည်းကောင်း၊ အလှူရှင်များက သုတရသ စာအုပ်မျိုးစုံ အုပ်ရေ၇၀၀ ကိုလည်းကောင်း အသီးသီး လှူဒါန်းခဲ့ကြသည်။

မြို့မဈေးအတွင်း စုပေါင်းသန့်ရှင်း

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ညောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တို့ ဦးဆောင်လျက် စည်ပင်ဝန်ထမ်းများ ဖေဖော်ဝါရီ ၁၈ရက်က မြို့မဈေးအတွင်း စုပေါင်းသန့်ရှင်းခဲ့ကြသည်။

ပန်းအလှပင် စိုက်ပျိုး

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးအေးဇော်မြင့်၏ကြီးကြပ်မှုဖြင့် ဖေဖော်ဝါရီ ၁၇ရက်က ဝန်ထမ်းများ စုပေါင်း၍ ကာမိုင်းမြို့ မြို့မဘုန်းတော်ကြီးကျောင်းရှေ့ရှိ လမ်းလယ်ကျွန်းတွင် ပန်းအလှပင်များ စိုက်ပျိုးခဲ့ကြသည်။

တန့်ဆည်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေး၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများပူဇော်ပွဲ၊ ၇၅နှစ်အထက် သက်ကြီးဂါရဝပြုပွဲ နှင့် ပညာရည်ချွန်ဆုပေးပွဲ ကို မတ် ၄ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ဗဟန်း ၃လမ်းရှိ အသင်းတိုက်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော အသင်းသူ၊ အသင်းသားများ၏ သားသမီးများ အမှတ်စာရင်းမိတ္တူကို အသင်းတိုက်ဓမ္မာရုံနှင့် ဒုတိယဥက္ကဋ္ဌ ဦးချစ်မွေး ဖုန်း-၆၄၀၂၂၃၊ အတွင်းရေးမှူး ဦးကျော်ဒင် ဖုန်း-၆၅၁၁၈၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

3-3 (11) 1 3/3/07, 3:10 PM

ဘုရားဖူးများ ကြိတ်ကြိတ်တိုးစည်ကားသည့် တပေါင်းလပြည့်နေ့ ဘုရားရှိခိုးသံ၊ အမျှဝေသံ၊ သာဓုခေါ်သံများဖြင့် လွှမ်းနေ

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - တင်စိုး နှင့် သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂

၁၃၆၈ခုနှစ် တပေါင်းလပြည့်နေ့။

တပေါင်းလပြည့်နေ့သည် ဗုဒ္ဓမြတ်စွာဘုရားရှင် ဘုရားဖြစ်တော်မူပြီးနောက် ဆယ်လပြည့်မြောက်သည့်နေ့ ဖြစ်သည်။ ထို့အတူ တောထွက်တော်မူသည့်နေ့မှ စတင်ကာ ခုနစ်နှစ်ပြည့်မြောက်သည့် နေ့လည်းဖြစ်သည်။ တစ်ဖန် မြတ်စွာဘုရားရှင်၏ တရားတော်များကို နာကြား၍ ဖွားဖက်တော် ကာဠုဒါယီအမတ်နှင့်တကွ တစ်ထောင်သော အမတ်တို့ ရဟန်းအဖြစ် ရောက်ရှိခဲ့သောနေ့လည်းဖြစ်ကာ ခမည်းတော်ရှိရာ ကပိလဝတ် နေပြည်တော်သို့ ပထမဆုံးကြွရောက်တော်မူသော နေ့လည်းဖြစ်သည်။

တပေါင်းလပြည့်နေ့က ရွှေဘုန်းပွင့်စေတီတော်ရင်ပြင်၌ ဘုရားဖူးပြည်သူများ ရေသပ္ပာယ်ခြင်းဖြင့် ကုသိုလ်ဒါနပြုကြစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

စည်ကားသိုက်မြိုက်

ထိုသို့သော နေ့ထူးနေ့မြတ်တွင် မြန်မာနိုင်ငံတစ်ဝန်း ဘုရား၊ ကျောင်း၊ ကန်များ၌ ဥပုသ်သီလဆောက်တည်ကြသူ၊ အလှူဒါနပြုကြသူနှင့် ဘုရားဖူးလာကြသူများဖြင့် စည်ကားလျက် ရှိသည်ဖြစ်ရာ ရန်ကုန်မြို့ ရွှေတိဂုံစေတီ

တပေါင်းလပြည့်နေ့က ဘုရားပုထိုးစေတီတော်များတွင် ကုသိုလ်ပြုသူ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိရာ စွယ်တော်မြတ်စေတီတော်မြတ်ကြီးတွင် ဘုရားဖူးများ ဤသို့ကုသိုလ်ယူကြသည်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

တော်မြတ်ကြီး၏ တပေါင်းလပြည့် အခါသမယကို ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ပူဇော်

တပေါင်းလပြည့်နေ့ နံနက် ၅နာရီ မိနစ် ၃၀မှ စတင်ကာ ရွှေတိဂုံစေတီတော်၏ ရာဟုထောင့် အောင်မြေ၌ ဂေါပကအဖွဲ့က ကြီးမှူးပြီး ဘာသာရေး အသင်းအဖွဲ့များ၊ ရွှေတိဂုံစေတီတော်မှ ဝန်ထမ်းများနှင့် ဘုရားဖူးလာ ပရိသတ်များက သစ်သီး၊ ဆွမ်း၊ ဆီမီးများဖြင့် ပူဇော်ကာ ရွှေတိဂုံစေတီတော်ကြီးအား ဆွမ်းတော်ကြီး ကပ်လှူခဲ့ကြသည်။

ထို့နောက် နံနက် ၉နာရီ မိနစ် ၃၀ တွင် ၂၅၅၀ နှစ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် ရေစက်ချ အနုမောဒနာ အခမ်းအနားကို ရွှေတိဂုံစေတီတော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ အစီအစဉ် ခုနစ်ရပ်ဖြင့် ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဘုရားဖူးလာ ပရိသတ်များ တက်ရောက် တရားနာယူကြသည်။

တပေါင်းလပြည့်နေ့က ဘုရားပုထိုးစေတီတော်များတွင် ကုသိုလ်ပြုသူ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိရာ သန်လျင်မြို့နယ် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးများ ကုသိုလ်ယူနေကြစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရွှေတိဂုံစေတီတော်၏ ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် အကြိုအဖြစ် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂ရက်မှ ဖေဖော်ဝါရီ ၂၀ရက်အထိ ပဋ္ဌာန်းရွတ်ပွဲများ ကျင်းပခဲ့ပြီး ဖေဖော်ဝါရီ ၂၁ရက်မှ မတ် ၂ရက်အထိ အသံမစဲ ပဋ္ဌာန်းပွဲကို သံဃာတော် အပါး ၁၂၀တို့က ၁၀ရက်ကြာ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ကြည်နူးဖွယ်

ရွှေတိဂုံစေတီတော် ရင်ပြင်တစ်ခုလုံးတွင် ဘုရားဖူးလာကြသူ၊ သီတင်း သီလဆောက်တည်နေကြသူများ၊ အလှူဒါနပြုနေသူများဖြင့် စည်ကား သိုက်မြိုက်လျက် ရှိနေသည်ကို တွေ့ရသည်။ ရင်ပြင်တော်ပေါ်တွင် ရွှေတိဂုံစေတီတော်ကြီးအား လှည့်လည် ဖူးမြော်နေကြသူများကား ကြိတ်ကြိတ်တိုးလျက်ရှိပြီး စောင်းတန်း အသီးသီးတွင် အစားအသောက် အလှူအတန်းပြုနေသူများကိုလည်း ကြည်နူးဖွယ် တွေ့မြင်ရသည်။

ရာသီဥတုသာယာ

ရာသီဥတု သာယာသဖြင့် တပေါင်းလပြည့်နေ့ ဘုရားဖူးလာသူများမှာ ရွှေတိဂုံစေတီတော် ရင်ပြင်တစ်ခုလုံး ပြည့်လျက်ရှိပြီး ဘုရားရှိခိုးသံ၊ အမျှဝေသံတို့ဖြင့် ပြည့်လျှံလျက်ရှိရာ ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာတရား အပေါ် သက်ဝင်ယုံကြည်မှုကို ကြည်နူးအားရဖွယ်ရာ တွေ့မြင်ရသည်။

ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်ပြီး ဗိုလ်တထောင်စေတီတော်သို့ မြန်မာ့အလင်း သတင်းအဖွဲ့ ခရီးဆက်ခဲ့သည်။ ဗိုလ်တထောင် စေတီတော်အဝင် မုခ်ဦးမှာပင် ဘုရားဖူးများ ပြည့်ကျပ်စည်ကားနေသည်ကို တွေ့ရသည်။ နံနက် အရုဏ်တက် အချိန်မှ စတင်ကာ ဘုရားဖူးများ တဖွဲဖွဲ လာရောက်လျက်ရှိပြီး နံနက် ၈နာရီခန့်မှာပင် ဗိုလ်တထောင်စေတီတော်ရင်ပြင်၌ ဘုရားဖူးများ တိုးဝှေ့နေရပြီ ဖြစ်သည်။

စိတ်ချမ်းသာ

ဗိုလ်တထောင် စေတီတော် ရင်ပြင်ရှိနန်းဦးဘုရားကြီးတန်ဆောင်း၊ ဘိုးဘိုးကြီးတန်ဆောင်း၊ မြနန်းနွယ် ဘုရားတန်ဆောင်း၊ ၁၅ခန်းတွဲ အာရုံခံ တန်ဆောင်းနှင့် ဇမ္ဗူဦးသျှောင် တိလောက မာန်အောင် ကြေးသွန်းဘုရားကြီး တန်ဆောင်းများတွင် တပေါင်းလပြည့်နေ့ ဖြစ်သည်နှင့်အညီ သီတင်းသီလဆောက်တည်သူ၊ အလှူအတန်းပြုသူနှင့် ဘုရားဖူးလာသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။ အေးချမ်းသော ဗုဒ္ဓဘာသာဝင် ဘုရားဖူးများကို မြင်တွေ့ရသည်မှာ စိတ်ချမ်းသာမှု ဖြစ်ရသည်။

တပေါင်းလပြည့်နေ့က ရွှေတိဂုံစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရွှေဘုန်းပွင့်စေတီတော်

ထို့နောက် မြန်မာ့အလင်း သတင်းအဖွဲ့ ရွှေဘုန်းပွင့်စေတီတော်သို့ ဆက်လက် ထွက်ခွာခဲ့လေသည်။ ရွှေဘုန်းပွင့်စေတီတော်ကြီးကား ဘက်စုံ ပြုပြင်မွမ်းမံမှုများ ပြုလုပ်နေသည်ကို တွေ့ရသည်။ ရွှေသင်္ကန်း ကပ်လှူမှုများလည်း ပြုလုပ်နေသည်ဖြစ်ရာ တပေါင်းလပြည့်နေ့ ဖြစ်သဖြင့် အလှူခံဌာနတွင် လှူဒါန်းနေကြသူများကို အားကျဖွယ် တွေ့မြင်ရသည်။

ထို့အပြင် ရွှေဘုန်းပွင့် စေတီတော်ရင်ပြင်ရှိဓမ္မာရုံသစ်၊စက်တော်တန်ဆောင်း၊ ကိုးဆူတန်ဆောင်း၊ ဓမ္မသာလသုံးထပ်ဓမ္မာရုံနှင့် ပုဂ္ဂိုလ်ထူး တန်ဆောင်းတို့တွင် ဘုရားဖူးလာ ပြည်သူများ၊ သီတင်းသီလဆောက်တည်သူများ၊ တရားထိုင်နေကြသူများဖြင့် သိုက်မြိုက်လျက်ရှိသည်ကို တွေ့ရသည်။

ပီတိဖြာရ

ရွှေဘုန်းပွင့် စေတီတော်၏ ထောင့်အသီးသီးတွင်လည်း ဆီမီးပူဇော်သူများ၊ ရေသပ္ပာယ်နေကြသူများနှင့် ဘုရားရှိခိုးနေကြသူများကို တွေ့မြင်ရသည်မှာ ရင်ဝယ်ပီတိဖြာရလေသည်။

တပေါင်းလပြည့်နေ့တွင်ရန်ကုန်မြို့ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်း ဘုရား၊ စေတီ၊ ကျောင်း၊ ကန်၊ တန်ဆောင်းများ၌ ဥပုသ်သီတင်းဆောက်တည်သူ၊ တရားဘာဝနာပွားများသူ၊ အလှူဒါနပြုသူနှင့် ဘုရားဖူးလာ ပြည်သူတို့ဖြင့် စည်ကားသိုက်မြိုက်လျက် ရှိပါကြောင်း ရေးသားဖော်ပြလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

တပေါင်းလပြည့်နေ့က ဗိုလ်တထောင်စေတီတော်ရင်ပြင်၌ ဘုရားဖူးလာ ပြည်သူများဖြင့် ဤသို့ စည်ကားစွာတွေ့ရသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မွေးနေ့ဆုမွန်

ချစ်သမီးငယ်လေး **ပိုးဟေသာဆန်း(ပိုးပိုး)** ၏ ၃-၃-၂၀၀၇ ရက်နေ့တွင် ကျရောက်သော (၂)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့်အတူ အောင်မြင်မှုများစွာရရှိပြီး စိတ်ပျော်ရွှင်ချမ်းမြေ့ပါစေ။

နှစ်ဖက်သော ဖိုးဖိုး-ဘိုးဘိုး-ဘွားဘွားများနှင့်
ဖေဖေဒေါက်တာဟိန်းလတ်ဝင်း+မေမေဒေါက်တာထားကြည်ဆန်း
ကိုကိုကြီး ဘုန်းဟိန်းကျော် (Grade 1-A-TTC)

မွေးနေ့ဆုတောင်း

တစ်ဦးတည်းသော ချစ်သမီးလေး **သုသုမင်းဦး**လေး၏ ၃-၃-၂၀၀၇ရက်တွင်ကျရောက်သော (၁၂)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် ဖေဖေ မေမေ၊ ဦးဦး တီတီတို့နှင့်အတူ အထူးသိတတ်နားလည်သော သမီးကောင်းရတနာလေးဖြစ်ပါစေဟု ဆုတောင်းလိုက်ပါသည်။

ဖေဖေ - ဒုတိယဗိုလ်မှူးကြီးမင်းဦး
မေမေ - ဒေါ်ဝင်းဝင်းမြင့်
ဦးဦး - ဦးသန်းထွန်း တာမွေ(ကားပစ္စည်းဝင်း)
တီတီ - အန်တီဖြူ။

ထိုင်းနိုင်ငံတွင်အလုပ်လုပ်ရန် လုပ်သားများခေါ်ယူခြင်း

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော Virtue International Limited မှ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ရန်အတွက် အထွေထွေလုပ်သားများ လိုအပ်နေပါသည်။

* လုပ်သားအရေအတွက် - ၂၅၀ ဦး
* အသက်အပိုင်းအခြား - အသက် ၂၀-၄၀နှစ်
* အခြေခံလစာ - တစ်နေ့လျှင် ဘတ်ငွေ ၁၈၀နှင့်အထက်
* အချိန်ပို - တစ်နေ့လျှင် နှစ်နာရီနှင့်အထက်
* အချိန်ပိုလုပ်ခ - ၁ ဒသမ ၅ဆ ရရှိမည်။
* နေရာထိုင်ခင်း - အလုပ်ရှင်မှ စီစဉ်ပေးမည်။
* ဝန်ဆောင်ခ - FEC 100 နှင့်ညီမျှသော မြန်မာကျပ်ငွေ

ခွင့်ရက်နှင့် အလုပ်ပိတ်ရက်တို့သည် ထိုင်းနိုင်ငံ ဥပဒေအတိုင်းဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက
Virtue International Limited
အမှတ် ၇၂ (၃-A) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၂၉၀၂၇၀၊ ၀၁-၂၀၂၃၉၆၊ ၀၉-၅၀-၁၆၉၁၉ စုံစမ်းနိုင်ပါသည်။
နယ်ကိုယ်စားလှယ်ရုံးခွဲ လုံးဝမရှိပါ။

ထိုင်းနိုင်ငံတွင်အလုပ်လုပ်ရန် လုပ်သားများခေါ်ယူခြင်း

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော Vertex Palace Services Company Limited(အထွင့်အထိပ်နန်းတော်)မှ ထိုင်းနိုင်ငံတွင်အလုပ်လုပ်ရန်အတွက် အထွေထွေလုပ်သားများလိုအပ်နေပါသည်။

* လုပ်သားအရေအတွက် - ၂၅၀ဦး
* အသက်အပိုင်းအခြား - အသက် ၂၀-၄၀နှစ်
* အခြေခံလစာ - တစ်နေ့လျှင် ဘတ်ငွေ ၁၈၀ နှင့်အထက်
* အချိန်ပို - တစ်နေ့လျှင် နှစ်နာရီနှင့်အထက်
* အချိန်ပိုလုပ်ခ - ၁ ဒသမ ၅ဆ ရရှိမည်။
* နေရာထိုင်ခင်း - အလုပ်ရှင်မှ စီစဉ်ပေးမည်။
* ဝန်ဆောင်ခ - FEC 100 နှင့်ညီမျှသော မြန်မာကျပ်ငွေ

ခွင့်ရက်နှင့် အလုပ်ပိတ်ရက်တို့သည် ထိုင်းနိုင်ငံ ဥပဒေအတိုင်းဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက
Vertex Palace Services Company Limited
အမှတ် ၁၉၁၊ ပထမထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း(အလယ်ဘလောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၂၅၆၇၂၃၊ ၀၉-၅၁၅-၁၀၆၄ စုံစမ်းနိုင်ပါသည်။
နယ်ကိုယ်စားလှယ်ရုံးခွဲ လုံးဝမရှိပါ။

ထိုင်းနိုင်ငံတွင်အလုပ်လုပ်ရန် လုပ်သားများခေါ်ယူခြင်း

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော New Fortune General Service Company Limited မှ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ရန်အတွက် အထွေထွေလုပ်သားများ လိုအပ်နေပါသည်။

* လုပ်သားအရေအတွက် - ၂၅၀ဦး
* အသက်အပိုင်းအခြား - အသက် ၂၀-၄၀နှစ်
* အခြေခံလစာ - တစ်နေ့လျှင်ဘတ်ငွေ ၁၈၀နှင့်အထက်
* အချိန်ပို - တစ်နေ့လျှင် နှစ်နာရီနှင့်အထက်
* အချိန်ပိုလုပ်ခ - ၁ ဒသမ ၅ဆ ရရှိမည်။
* နေရာထိုင်ခင်း - အလုပ်ရှင်မှ စီစဉ်ပေးမည်။
* ဝန်ဆောင်ခ - FEC 100 နှင့်ညီမျှသော မြန်မာကျပ်ငွေ

ခွင့်ရက်နှင့် အလုပ်ပိတ်ရက်တို့သည် ထိုင်းနိုင်ငံ ဥပဒေအတိုင်းဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက
New Fortune General Service Company Limited
အမှတ် ၉၈ (A)၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၃၈၈၀၈၂၊ ၀၉-၉၉-၂၄၄၁၄ စုံစမ်းနိုင်ပါသည်။
နယ်ကိုယ်စားလှယ်ရုံးခွဲ လုံးဝမရှိပါ။



(၄၉)နှစ်မြောက် မင်္ဂလာဆုတောင်း

အမေရိကန်နိုင်ငံ Ohioပြည်နယ်၊ Cincinnatiမြို့နေ ဖေဖေ **ဦးလှမြင့်**(ရဲဝန်ထောက်ငြိမ်း၊ Senior Administrative Officer U.N.H.C.R Rtd)နှင့် မေမေ **ဒေါ်မြလေး** တို့၏ မတ်လ ၃ရက်နေ့တွင် ကျရောက်သော (၄၉)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် ရွှေရတု၊ စိန်ရတုသို့တိုင်အောင် သားသမီး မြေးတစ်စုတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ပါစေသော်ဝ်။

သားကြီး - ကိုကိုသော်-ယုယုနိုင်၊ မြေးလတ် William မင်းသော်
(Cincinnati, Ohio, USA)
သားလတ် - ထင်အောင်ကျော်-မိုးမိုးဇော်၊ မြေးကြီး George စန်းယုထင်ကျော်၊
-မြေးထွေး မေသစ္စာကျော် (Rockville, Maryland, USA)
သမီးငယ် - Dr.မြစပယ်၊ မြေးငယ် Samuel စည်သူနောင်၊ Steven ဇေယျာနောင်
(Cincinnati, Ohio, USA)။



ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ Blue Bell International Co., Ltd. မှ သွင်းကုန်လိုင်စင်အမှတ် IL 2 06-07 2037 (12/12/06) သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့်ထိုက်တန်စွာ ကျေးဇူးဆပ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးဇေယျာဝင့် (MD)**
၀၉-၅၀-၁၅၄၉၀။

အမည်ပြောင်း အဖ ဦးဝင်းကိုကို၏သမီး အထက(၂)ပုသိမ် နဝမတန်း(ခ)မှ မမေသဇင်ကို ၁၄/ပသန(နိုင်)၂၀၉၈၇၀အား ယနေ့မှစ၍ မဆောင်းနဒီအိမ့်ဟု ပြောင်းလဲခေါ်ပါရန်။ **မဆောင်းနဒီအိမ့်။**

ယနေ့ မီးဘေးကြိုတင် ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

စာမျက်နှာ ၁၁ မှ

သံသယဖြစ်ပါက ဆောင်ရွက်ရမည့်ကိစ္စများကို အကြိုညှိနှိုင်း ဆွေးနွေးကြသည်။

ဆောလျင်စွာသတင်းပို့

ထိုသို့ ညှိနှိုင်းဆွေးနွေးချက်များအရ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် Task Forceများ တိုးချဲ့ဖွဲ့စည်းခြင်း လုပ်ငန်း အစီအစဉ်များ ရေးဆွဲချမှတ်ခြင်းတို့ကို စီမံဆောင်ရွက်ရန် ရောဂါဖြစ်ပွားမှုသတင်းကို ပြည်တွင်း ပြည်ပရှိသက်ဆိုင်ရာဌာန အဖွဲ့အစည်းများသို့ အသိပေးရန်နှင့် ပြည်သူလူထု အလွန်အမင်းစိုးရိမ်ထိတ်လန့်မှု မဖြစ်စေရေးအတွက် ပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ကြက်မွေးမြူထုတ်လုပ်မှုလုပ်ငန်း အလွန်အမင်း ထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် ချင့်ချိန်ဆောင်ရွက်ရန်၊ ကြက်သား၊ ဘဲသား၊ ကြက်ဥ၊ ဘဲဥ စသည့် ကြက်ဘဲထွက်ပစ္စည်းများ ရောဂါကင်းရှင်းမှုရှိ၊ မရှိ စနစ်တကျစစ်ဆေး၍ ကျန်းမာရေးထောက်ခံချက် လက်မှတ်ထုတ်ပေးရန်၊ ကြက်၊ဘဲဒိုင်များ၊ ကြက်ဥ၊ ဘဲဥဒိုင်များတွင် ရောဂါစူးစမ်းလေ့လာခြင်း၊ သန့်ရှင်းရေးနှင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းတို့ကို ဒေသအာဏာပိုင်များ၏ အကူအညီရယူပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ထိန်းချုပ်ဇုန်အဖြစ် သတ်မှတ်ထားသော မြို့နယ်များမှအပ ကျန်မြို့နယ်များတွင် ကြက်သား၊ ဘဲသား၊ ကြက်ဥ၊ဘဲဥ စသည့် ကြက်ဘဲထွက်ပစ္စည်းများ ကူးသန်းရောင်းဝယ်မှု ပုံမှန်ဖြစ်စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့နှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် မွေးမြူသူများသည် မိမိခြံအတွင်းသို့ ကျီးကန်း၊ စာကလေး စသည့် တောရိုင်းသဘာဝငှက်များမဝင်ရောက်ရေး လုံခြုံစွာကာရန်နှင့် ဇီဝလုံခြုံမှုတိုးမြှင့်ဆောင်ရွက်ကြရေးပညာပေးရန် မွေးမြူသူအစုအဖွဲ့အလိုက် တွေ့ဆုံ၍ ထူးခြားသော ကြက်ငှက်သေဆုံးမှုရှိက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဒေသအာဏာပိုင်၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ ဆောလျင်စွာ သတင်းပေးပို့ရေးနှိုးဆော်ရန် ဆွေးနွေးညှိနှိုင်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာစည်မြို့နယ်ပြည်သူ့ဆေးရုံကွင်းဆင်း ပြည်သူများအား အခမဲ့ကုသ

ရန်ကုန် မတ် ၂

မန္တလေးတိုင်း မိတ္ထီလာခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများ အဖွဲ့သည် ဖေဖော်ဝါရီ၂၁ရက်က သာစည်မြို့နယ် ပြည်သူ့ဆေးရုံသို့ ကွင်းဆင်း၍ ပြည်သူများအား အခမဲ့ဆေးကုသခြင်းကို ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မှုတွင် မိတ္ထီလာ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့်အတူ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာညွှန့်လွင်၊ ဆေးပညာအထူးကု ဆရာဝန်ကြီး ဒေါက်တာစိုးသန့်နိုင်၊ စိတ်ကျန်းမာရေးအထူးကု ဆရာဝန်ကြီး ဒေါက်တာမြင့်ဆွေ၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဌေးဌေးဝင်း၊ အရိုးအထူးကု ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်း၊ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာကောင်းညွှန့်၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်ကြီးဒေါက်တာမြတ်ဆွေ၊ သားဖွား/မီးယပ် အထူးကု လက်ထောက်ဆရာဝန်ဒေါက်တာယုယုလှိုင်၊ တီဘီရောဂါ တိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာနီနီနွယ်၊ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာ ခွန်အောင်မြင့်နှင့် ဒေါက်တာနိုင်အေးခက်၊ ခရိုင်တိုင်းရင်းဆေးခန်းမှူးဒေါ်စန်းဆင့်ဆင့် စသည့် အထူးကုဆရာဝန်များက ပြည်သူ ၂၉၅ဦးတို့အား ကျန်းမာရေး အသိပညာပေးပြီး အခမဲ့ဆေးကုသပေးခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အအေးအနည်းငယ်လျော့

၂-၃-၂၀၀၇

နေပြည်တော်	- ၁၉ ဒီဂရီစင်တီဂရိတ်
ဟားခါး	- ၄ ဒီဂရီစင်တီဂရိတ်
သီပေါ	- ၈ ဒီဂရီစင်တီဂရိတ်
မြစ်ကြီးနား၊ မန္တလေး	- ၁၇ ဒီဂရီစင်တီဂရိတ်
ရန်ကုန်(ကမ္ဘာအေး)	- ၁၉ ဒီဂရီစင်တီဂရိတ်

အောင်မြေသာစံမြို့နယ် နဒီမြောင်းနှင့် ငွေတချောင်းမြောင်းဆက် ရေနုတ်မြောင်းတည်ဆောက် ရာသီအလိုက် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်စိုက်ခင်းများ ပိုမိုထုတ်လုပ်စိုက်ပျိုး

ရန်ကုန် မတ် ၂

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်း၊ ဦးစောလွင်နှင့် ဌာနမှူးများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ အမှတ်(၁) အတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် ၂၂ လမ်းနှင့် ၈၃ လမ်းဆုံသို့ ရောက်ရှိကာ ၂၂ လမ်းတစ်လျှောက် ၈၃ လမ်းမှ ၈၆ လမ်းအထိ လမ်းဘေးရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းဆယ်ယူရှင်းလင်းနေမှုများနှင့် ရွှေတချောင်းမြောင်း၏ ရေစီးဆင်းမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့ပတ်လမ်းအား မန္တလေး-မတ္တရာကားလမ်းမှ အစိုးရနည်းပညာကောလိပ်အထိ ထပ်ပိုးလွှာတင် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေးနှင့် သတ်မှတ်ချိန်မီ ပြီးစီးရေးကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် နန်းရှေ့ဈေးအနီး ၁၉ လမ်းပေါ်တွင် နဒီမြောင်းနှင့် ငွေတချောင်းမြောင်း ဆက်သွယ်သည့် အရှည်ပေ ၂၃၀၀၊ အနက်ခြောက်ပေ၊ ရေသွားအကျယ် သုံးပေရှိ အုတ်ရိုးစီ ရေနုတ်မြောင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအား လိုအပ်သည်များ မှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် မဟာအောင်မြေမြို့နယ် ၆၂ လမ်းတစ်လျှောက် ၃၅ လမ်းမှ သိပ္ပံလမ်း အဝိုင်းပတ်အထိ တိုးချဲ့ ကတ္တရာ လမ်းခင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများနှင့် မနော်ရမ္မ ပျိုးခြံအတွင်း ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ မနော်ရမ္မပျိုးခြံအတွင်း ပျိုးပင်များ ပြုစုပျိုးထောင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသရှိ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအမှတ်(၁)အတွင်း ခြံစည်းရိုးကြက်ဆူပျိုးစင်တွင် ပျိုးပင်များ ပြုစုပျိုးထောင်ထားရှိမှုနှင့် ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူးနှင့်ခြံတာဝန်ခံများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအမှတ်(၁)အတွင်း စမ်းသပ်စိုက်ပျိုးထားသော ပီလောပီနံစိုက်ခင်းများနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများနှင့် တီကောင်စွန့်ပစ်မြေသြဇာ ထုတ်လုပ်ရေးအတွက် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရာသီအလိုက် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက် စိုက်ခင်းများ ပိုမိုထုတ်လုပ် စိုက်ပျိုးသွားရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူးနှင့် ခြံတာဝန်ခံများအား မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်သည် တာဝန်ရှိသူများလိုက်ပါလျက် အောင်မြေသာစံမြို့နယ် ရွှေကျီးမြင် မြတ်စွာဘုရား ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်မွမ်းမံမှုလုပ်ငန်းများနှင့် မန္တလေးတောင်ခြေ မဟာမေ့ိကာရာမ ရွှေကျောင်တိုက်မကြီးအတွင်းရှိ နှစ်(၁၀၀)ပြည့် ကျောင်းတော်ကြီး ပြုပြင်မွမ်းမံမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။ **(သတင်းစဉ်)**

ကျောင်းပညာရေး ငွေပဒေသာပင်စိုက်ထူ

မတ္တရာ ဖေဖော်ဝါရီ ၁၀

မတ္တရာမြို့နယ် ရေနံ့သာအထက်တန်းကျောင်းခွဲ၌ ကျောင်းပညာရေး ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ရက် နံနက် ၁၀နာရီက ကျင်းပသည်။

လှူဒါန်းပွဲ၌ ကျေးရွာဥက္ကဋ္ဌ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌတို့ထံ ဂရိတ်ဝေါသကြားစက်က ငွေကျပ် ၃၀၀၀၀၀၊ ဦးတင်မြင့်-ဒေါ်ရှုရီက ငွေကျပ် ၁၀၀၀၀၀၊ ဦးတင်မောင်-ဒေါ်ဌေးတင့်တို့က ငွေကျပ် ၅၀၀၀၀၊ ဦးနေဝင်း-ဒေါ်ညွန့်သန်း၊ ဦးညွန့်ဟန်-ဒေါ်ကြည်ဆိုင်၊ ဦးတိုင်းဝင်း-ဒေါ်စန်းစန်း၊ မြို့နယ်ငါးစခန်းတာဝန်ခံ ဦးဇော်မင်းနောင်၊ ဒေါ်တင်နွဲ့တို့က ငွေကျပ် ၃၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးခဲ့သည့် ကန်သာရပ်ကွက် ငုဝါရွှေလမ်း အရှည်ပေ ၁၆၀၀၊ အကျယ် ၁၂ ပေရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက လမ်းကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)



မြဝတီမြို့ အမှတ် (၄)ရပ်ကွက် ပြည်ခိုင်ဖြိုးလမ်းသစ်ဖွင့်

မြဝတီ ဖေဖော်ဝါရီ ၁၅

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အမှတ်(၄)ရပ်ကွက် ပြည်ခိုင်ဖြိုးလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ရက်က အဆိုပါလမ်း မုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အမှတ်(၄) ရပ်ကွက် ပြည်ခိုင်ဖြိုး လမ်းသစ်ကို စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်စန်း၊ မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်၊ အမှတ်(၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြည်ခိုင်ဖြိုးလမ်းကို မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုငွေကျပ် ၄၅၈၀၀၀၀ ဖြင့် အကုန်အကျခံ၍ အလျားပေ ၆၉၀၊ အကျယ် ၁၂ပေကို ဆောင်ရွက်ပေးခဲ့သည်။

(မြို့နယ်စည်ပင်)

မေတ္တာမွန်ပန်းခြံ မြေယာရှုခင်းပြုပြင်

ဇန်းမော် ဖေဖော်ဝါရီ ၇

ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဇန်းမော်မြို့ သာယာလှပရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်လျက်ရှိရာ မေတ္တာမွန်ပန်းခြံအတွင်း မြေယာရှုခင်း ပြုပြင်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးအောင် ခေါင်းဆောင်သော အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းတို့ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော တိုက်ကြီးမြို့ တိုက်ကြီး-လိမ္မော်ခြံ ကျေးလက်ဂဝံလမ်းသစ်ကို ဖေဖော်ဝါရီ ၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိန်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကောလင်းမြို့၌ ပညာရည်ချွန်ဆုချီးမြှင့်

ကောလင်း ဖေဖော်ဝါရီ ၁၂

ကောလင်းမြို့နယ် အင်ပင်သာကျေးရွာအုပ်စု ဧကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၇ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

ဆုပေးပွဲတွင် ကျေးရွာဥက္ကဋ္ဌ ဦးဖိုးဆန်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ချိုလင်းတို့က အမှာစကား ပြောကြားကြပြီး ပညာရေး၊အားကစားနှင့် ဘက်စုံထူးချွန်သူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(ဝ၂၆)**

သထုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဖေဖော်ဝါရီ ၈ရက်က ဒေးဗရိန်းကျေးရွာ စာသင်ကျောင်း၌ အထွေထွေစကားဝိုင်း ကျင်းပရာ သထုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင် တက်ရောက်၍ စကားဝိုင်းဖွဲ့ ဆွေးနွေးစဉ်။ (ကြံ့ခိုင်ဖွံ့ဖြိုးရေး)

မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အထွေထွေမန်နေဂျာ အခြေစိုက်အလုပ်ရုံ(မန္တလေး) ပစ္စည်းများ လေလွင့်မှုမရှိရေး ဆွေးနွေး

မန္တလေး ဖေဖော်ဝါရီ ၂၅

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းအင်ဂျင်နီယာဌာန အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ) ဦးအောင်ဆန်းသည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၀ရက် နံနက် ၈နာရီခွဲက မန္တလေးအောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်ရှိ အခြေစိုက်အလုပ်ရုံ(မန္တလေး)သို့ ရောက်ရှိပြီး လုပ်ငန်းဆိုင်ရာများ စစ်ဆေးကြသည်။

ရှေးဦးစွာ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးအောင်ဆန်းနှင့် အဖွဲ့အား အခြေစိုက်အလုပ်ရုံ(မန္တလေး) မှ လက်ထောက်အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ)ဦးမိုးဃံကျော်က ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ် ပထမနှစ်ဝက် ယာဉ်/ယန္တရားများ ပြုပြင်ပြီးစီးနိုင်မှု၊ ဒုတိယနှစ်ဝက် ယာဉ်/ယန္တရားများ ပြုပြင်ဆောင်ရွက်ပေးနေမှု၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ အလုပ်ရုံအတွင်း အပြင်သန့်ရှင်းသာယာလှပရေး၊ စားသုံးပင်များ စိုက်ပျိုးထားမှုတို့ကို အသေးစိတ် ရှင်းလင်းတင်ပြရာ အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ)က လိုအပ်သည်များကို ဖြည့်စွက်ပြောကြားသည်။

သိုလှောင်မှု

ထို့နောက် အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ)နှင့် အဖွဲ့သည် အလုပ်ရုံအတွင်းရှိ တွင်ဌာနစိတ်၊ လျှပ်စစ်ဌာနစိတ်၊ ပန့်ဌာနစိတ်နှင့် ယာဉ်/ယန္တရားများ ပြင်ဆင်ပြီးစီးမှုတို့ကို လှည့်လည်စစ်ဆေးပြီး**(အပေါ်ဝဲပုံ)** ယာဉ်/ယန္တရားများ အပိုပစ္စည်းများ စနစ်တကျ သိုလှောင် သိမ်းဆည်းထားမှုတို့ကို စစ်ဆေးသည်။

ဆွေးနွေးခဲ့

ဆက်လက်၍ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးအောင်ဆန်းသည် ရှင်းလင်းဆောင်၌ အခြေစိုက်အလုပ်ရုံ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများလုပ်ဆောင်ရာတွင် နိုင်ငံတော်နှင့် ဌာနအပေါ် သစ္စာရှိရှိ တာဝန်သိသိဖြင့် ဆောင်ရွက်ရေး၊ ပစ္စည်းများ လေလွင့် ဆုံးရှုံးမှု မရှိစေရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၃၁၃)**

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပိတောက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁ ရက်က အမှုဆောင်အရာရှိ ဦးအောင်ဖုံနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မန်းဒေတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း အထက်မင်းလှ၌ဖွင့် အလှူငွေနှင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

အထက်မင်းလှ ဖေဖော်ဝါရီ ၁၀

သရက်ခရိုင် မင်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်ပွဲကို ဇန်နဝါရီ ၁၄ရက်က သံပုရာကန်ကျေးရွာကိုယ့်အားကိုယ်ကိုး သစ္စာရောင်ခြည်စာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးအောင်စိုးမိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက စာကြည့်တိုက်တစ်တိုက်တွင် ပြည့်စုံရမည့် အင်္ဂါရပ်များကို ရှင်းလင်းဆွေးနွေးသည်။

သစ္စာရောင်ခြည် စာကြည့်တိုက် ရန်ပုံငွေအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းနှင့် အခြား စေတနာရှင်များက လှူဒါန်းငွေကျပ် ငါးသောင်းကို ငွေပဒေသာပင် စိုက်ထူပြီးစာအုပ်မျိုးစုံ အုပ်၅၀လှူဒါန်းရာလှူဒါန်းရရှိသည့်ငွေနှင့် စာအုပ်များကို မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက သစ္စာရောင်ခြည် စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းထံ လွှဲပြောင်းပေးအပ်သည်။ (၀၇၆)

စိုက်ပျိုးရန် တာဝန်ပေး

ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ၂၀၀၇ ခုနှစ် မိုးစပါးဧက ၁၅၆၈၀ ရွှေရင်အေးစပါး တိုးချဲ့စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းက ပါလောပါကယ်ကျေးရွာအုပ်စု စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီသို့ တာဝန်ပေးအပ်စဉ်။ (၀၄၈)

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေရှင်းလင်း

ဒီပဲယင်း ဖေဖော်ဝါရီ ၁

ရွှေဘိုခရိုင် ဒီပဲယင်းမြို့တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ ရှင်းလင်းပွဲကို ဇန်နဝါရီ ၁၅ရက်က မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိန်းချုပ်ရေးဥပဒေကို မြို့နယ်ဆရာဝန် ဦးနွယ်ဝင်းက ဆေးလိပ်သောက်ခွင့်မရှိသော ကန့်သတ်နယ်မြေ၊ ဆေးလိပ်သောက်ခွင့်ပြုသောနေရာ၊အရေးယူနိုင်သည့် ဥပဒေ၊ နည်းဥပဒေနှင့်ပြစ်မှုပြစ်ဒဏ်များအပါအဝင် အခန်းကိုးခန်းကို ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

မုဒုံမြို့ စာစင်လမ်းမကြီး အခြေခံပညာ မူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ်သုံးသိန်းကို ဇန်နဝါရီ ၂၈ ရက်က ရန်ကုန်မြို့ စက်မှုဇုန်မှ အငြိမ်းစား ဆရာမကြီး ဒေါ်ညွှန့်ရီက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးမင်းသောင်းဟန်က လက်ခံယူစဉ်။
(၃၃၀)

ပြည်ထောင်စုနေ့ ဂုဏ်ပြုဟောပြော၊ စာအုပ်များလှူဒါန်း

ဟင်္သာတ ဖေဖော်ဝါရီ ၁၅

နှစ် (၆၀) ပြည့် ပြည်ထောင်စုနေ့ ဟောပြောပွဲနှင့် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက် ၁၀နာရီက ဟင်္သာတမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုလှရီက ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ် ထွန်းကားရေး ခေါင်းစဉ်ဖြင့် ဟောပြောသည်။

လှူဒါန်း

ထို့နောက် ကျေးရွာစာကြည့်တိုက်များအတွက် ကျောင်းသားကျောင်းသူများက လှူဒါန်းသော စာအုပ် ၂၀၀ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မြင့်က ခရိုင်ဦးစီးအရာရှိ ဦးဘိုလှရီထံ ပေးအပ်လှူဒါန်းခဲ့သည်။

(ခရိုင် ပြန်/ဆက်)

အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်

မိတ္ထီလာ ဖေဖော်ဝါရီ ၁၆

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာအုပ်စု ဥယျာဉ်ကုန်းကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် နံနက် ၉ နာရီခွဲက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဦးမောင်မောင်အုန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဦးမောင်မောင်အုန်းက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ပြင်ဦးလွင်မြို့ မိုးကြိုးရပ်ကွက်အဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၇

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉နာရီက ပြင်ဦးလွင်မြို့နယ် မိုးကြိုးရပ်ကွက်အဝင်လမ်းရှိ မင်္ဂလာမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအေးလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာဒင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကတ္တရာလမ်းမှာ မန္တလေး-လားရှိုးကားလမ်းမှ မိုးကြိုးရပ်ကွက်အထိ အကျယ် ၁၂ ပေ၊ လမ်းအရှည် ပေ ၅၁၀၀ ရှည်လျားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၆၄၉၀၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ရာ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာ အောင်မြေဗောဓိ မဟာဗောဓိစေတီတော်မြတ် ပုံစံတူ ဗုဒ္ဓဂယာမဟာဗောဓိသိမ်တော်မြတ်စေတီတော် တည်ထားကိုးကွယ် ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း အောင်တော်မူလမ်း အမှတ် ၁၄ နေ ဒေါ်ခင်ထွေးရီ၏ (၆၇)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူတော်ငွေကျပ် တစ်သိန်းကို အမှူးဆောင်ဆရာတော် တိလောကာရုံကျောင်း ဆရာတော် ဦးနန္ဒိယထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပျော်ဘွယ်မြို့၌ ကလပ်ပေါင်းစုံ ဘောလုံးပြိုင်

ပျော်ဘွယ် ဖေဖော်ဝါရီ ၈

ပျော်ဘွယ်မြို့နယ် ရွှေပြည်သာဘုရား ဗုဒ္ဓပူဇနိယပွဲတော်နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ကလပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက် ညနေ ၃နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်က ဘောလုံးကန် ဖွင့်လှစ်ပေးသည်။ ထို့နောက် သရုပ်ဆောင်ရာဇာနေဝင်း ပါဝင်ကစားသော ဘောလုံးအသင်းက ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကစားကြသည်။ (၂၅၀)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၆ လမ်း အမှတ် (၄၉) နေ ဦးဖိုးစွန်-ဒေါ်စိန်တို့၏သမီး ဒေါ်မိမိဆွေ (၈၂)နှစ် (ကလောင်ရှင် ဖျာပုံ မိမိဆွေ) ရန်ကုန်အမျိုးသမီး ဆေးရုံကြီးနှင့်မြိတ်ပြည်သူ့ဆေးရုံကြီး သူနာပြုဆရာမများအဆောင်ဂေဟာမှူး(ငြိမ်း)က

ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့အလင်းမြို့နယ်သတင်းထောက် ကတ်ပြားအသစ်များ ခိစစ်လဲလှယ်ပေးမည်

၁။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်မှ ခန့်အပ်တာဝန်ပေးခဲ့သော ပြည်နယ်နှင့် တိုင်းအသီးသီးမှ မြို့နယ် သတင်းထောက်များ၏ သတင်းထောက်ကတ်ပြားများကို ပြန်လည်စိစစ် လဲလှယ်ပေးမည်ဖြစ်ပါ၍ ၃၁-၃-၂၀၀၇ ရက်(စနေနေ့) နောက်ဆုံးထားပြီး အောက်ဖော်ပြပါအချက်အလက်များနှင့်အတူ ဤသတင်းစာတိုက်သို့ ပေးပို့ကြရန် ဖြစ်ပါသည်-

(က) လွန်ခဲ့သော(၃) လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ(၂)ပုံ၊

(ခ) ကိုယ်ရေးအကျဉ်းချုပ်၊

(ဂ) အမျိုးသားမှတ်ပုံတင် (သို့) နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊

(ဃ) သတင်းထောက်အဖြစ် ဆက်လက်ဆောင်ရွက်လိုကြောင်း ဆန္ဒပြုလွှာ၊

(င) သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သက်ရှိထင်ရှားရှိပြီး သတင်းထောက်အဖြစ် ဆက်လက်ခန့်ထားသင့်ကြောင်း ထောက်ခံချက်၊

(စ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊

(ဆ) မြို့နယ်သတင်းထောက်ကတ်ပြား အဟောင်းကို ပြန်လည်အပ်နှံရပါမည်။

၂။ နောက်ဆုံးထားပေးပို့ရမည့်ရက်ထက် ကျော်လွန်ရောက်ရှိလာသူများအား မြို့နယ်သတင်းထောက်များစာရင်းမှ ပယ်ဖျက်သွားမည် ဖြစ်ပါသည်။

မြန်မာ့အလင်း သတင်းစာတိုက်။

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်မှုကို ဇန်နဝါရီ ၂၉ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သူရတို့က စစ်ဆေးရာ အမှူးဆောင်အရာရှိက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

ချောက်မြို့ ချောင်းဦးကျေးရွာ စက်ရေတွင်းဖွင့် ကျေးလက်ပြည်သူများ သောက်သုံးရေဖူလုံစွာရရှိ

ချောက် ဖေဖော်ဝါရီ ၁၇

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း ချောက်မြို့နယ် ချောင်းဦးကျေးရွာ စက်ရေတွင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါ စက်ရေတွင်းဖွင့်ပွဲ မုခ်ဦး၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက စက်ရေတွင်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအထိမ်းအမှတ်အလံကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟထံသို့ ပေးအပ်သည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** စက်ရေတွင်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ချောင်းဦးကျေးရွာ စက်ရေတွင်းသည် လေးလက်မ စက်ရေတွင်း အနက်ပေ ၇၀၀ ဖြစ်ပြီး စက်ရေတွင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေကျပ် ၁၃၈ ဒသမ ၄ သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ပြီး တစ်နာရီ ရေဂါလန် ၂၀၀၀ ထွက်ရှိရာ ချောင်းဦးကျေးရွာနှင့်အနီး ပတ်ဝန်းကျင်ကျေးရွာ နှစ်ရွာမှ ကျေးလက်ပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ဗလငါးတန် ဖွံ့ဖြိုးပို့ စာအုပ်စာပေ လေ့လာစို့

ရန်ကုန်တိုင်း မှော်ဘီမြို့ အမှတ် (၂) ရပ်ကွက်ရှိ သမိုင်းဝင်ရွှေမှော်တင် ဘုရားရင်ပြင်ပေါ်တွင် ဇန်နဝါရီ ၁၄ရက်က အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးပွဲ အခမ်းအနား ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးဇော်စိုး၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ

ဒေါ်ခင်ခင်ရီ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက် ဆေးထိုးပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကုန်သည်/စက်မှုအသင်း နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးဟောပြောပွဲနှင့် ပြပွဲကျင်းပမည်

ရန်ကုန် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို မတ် ၁၀ ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ ရှိ UMFCCI Office Tower ၌ ကျင်းပမည်ဖြစ်သည်။

ကျင်းပရန်စီစဉ်ထား

ယင်းနှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့်အတူ ဟောပြောဆွေးနွေးပွဲနှင့် ကုန်စည် ပြပွဲကိုပါ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

နှိုးဆော်ထား

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၏ အသင်းသားများ၊ အသင်းဝင်ကုမ္ပဏီများ၊ ပြည်နယ်၊ တိုင်းနှင့်ကုန်ပစ္စည်းလုပ်ငန်းအလိုက်ညီနောင်အသင်းအဖွဲ့များ အနေဖြင့် ပူးပေါင်းပါဝင် ပြသကြရန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဖုန်း-၂၁၄၃၄၄၊ ၂၁၄၃၄၅ နှင့် ၂၁၄၃၄၆ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် အမှတ် (၃၁) အခြေခံပညာ မူလတန်းကျောင်း၌ ၂၀၀၅-၂၀၀၆ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၄ရက်က ကျင်းပရာ သူငယ်တန်းစာပေပညာ ပထမဆုနှင့် အမျိုးသားနေ့ အထိမ်းအမှတ် ကဗျာရွတ်ဆို ပြိုင်ပွဲ ပထမဆုရ မောင်သက်နောင်စိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွယ်အေးက ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဆေးပဒေသာပင်အတွက် ငွေလှူ

မိဘများကို အမှူးထား၍ သာကေတမြို့နယ် (၂)ရပ်ကွက် အနော်မာ ၂ လမ်းနေ ဦးချစ်ဆွေ-ဒေါ်ဆုံနှင့် အစ်မကြီး ဒေါ်လှခင်တို့အားရည်စူး၍ ဦးကြီးမြင့် (မြန်မာစာ)-ဒေါ်ဖြူမိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်က လက်ခံယူစဉ်။ (၃၈၀)

ပရိယတ္တိနှင့် ပဋိပတ္တိတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ဆရာတော် သံဃာတော်များအား ဘွဲ့တံဆိပ်တော်များ နှစ်စဉ်ဆက်ကပ်လှူဒါန်းလျက်ရှိ

● ရွှေဖုံးမှ

အပ်နှင်း

ယင်းသို့ ဆက်ကပ်လှူဒါန်းချီးမြှင့်ခြင်းခံရသည့် ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြကာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း၍ သာသနနုဂ္ဂဟ သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အပ်နှင်းသည်။

ကြွရောက်

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်အပ်နှင်းပွဲ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ ဗိုလ်ချုပ်ရဲမြင့်နှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊

စာမျက်နှာ ၆ ကော်လံ ၁ ❐

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မိုးလေဝသအခြေအနေ

၃-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။